# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်နေ့ | ၂၀၂၅ ခုနှစ်၊ ဧပြီ ၁၂ ရက်၊ စနေနေ့ | အတွဲ (၆၄)၊ အမှတ် (၁၉၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၁၁

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်သြဝါဒါစရိယ၊ ညောင်ရွှေမြို့နယ်၊ ပထမမိုင်းသောက် ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုမင်္ဂလာဘိဝံသ ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် မိသားစုဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်

စာမျက်နှာ ၃ ကော်လံ ၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ မိသားစုဝင်များနှင့် အဖွဲ့ဝင်များ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့်ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်စဉ်။

## ယနေ့ ဖတ် စ ရာ


**လူတို့၏ အသက်နှင့်အိုးအိမ်များကို ဖျက်ဆီးသော မြေငလျင်နှင့် ဆောက်လုပ်ရေးကဏ္ဍ** — ဆောင်းပါး စာ ၁၀





**လွတ်လပ်သော ကုန်သွယ်ရေး ဆွေးနွေးပွဲ အီးယူနှင့် ယူအေအီးတို့ စတင်မည်** — နိုင်ငံတကာသတင်း စာ ၁၄

**ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ** — ပြည်တွင်းသတင်း စာ ၁၆

# ကောင်းခြင်းအဖြာဖြာ နှစ်ကူးချိန်ခါ

မြန်မာသက္ကရာဇ်အရ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော် ကျရောက်လာတော့မည်ဖြစ်သည်။ သင်္ကြန်ဟူသော မြန်မာဝေါဟာရသည် "သင်္ကြန္တ" ဟူသော သက္ကတပုဒ်၊ "သင်္ကန္တ" ဟူသော ပါဠိပုဒ်တို့မှ ဆင်းသက်လာခြင်းဖြစ်သည်ဟု ပညာရှင်များက ယူဆကြပြီး အနက်အဓိပ္ပာယ်အားဖြင့် "ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်း" ဟူ၍ ဖြစ်သည်။

သင်္ကြန်၏ နောက်ထပ်အနက်အဓိပ္ပာယ်မှာ ကောင်းခြင်းမင်္ဂလာတို့ တိုးတက်ပွားများလာစေရန် ဆေးကြောသန့်စင်ခြင်းဟူ၍ ဖြစ်သည်။ ရှေးခေတ်မြန်မာဘုရင်တို့ ဦးခေါင်းဆေးလျှော်သည့် မင်္ဂလာအမှုပြုခြင်းကို သင်္ကြန်ခေါ်သည်ဟု သုံးနှုန်းပြီး ဘုရင်တို့ တစ်ပတ်တစ်ကြိမ် ဦးခေါင်းဆေးလျှော်ခြင်းကို "ပကတိသင်္ကြန်"၊ ဂြိုဟ်စီးဂြိုဟ်နင်း ညှံ့သောအခါ အန္တရာယ်ကင်းပျောက်ပြီး ဘုန်းတန်ခိုးတောက်စေရန် ဦးခေါင်းလျှော်ခြင်းကို "သင်္ကြန်လတ်"၊ ဘိသိက်ခံယူသည့်အခါ ဦးခေါင်းဆေးလျှော်ခြင်းကို "မဟာသင်္ကြန်"ဟူ၍ သင်္ကြန်သုံးမျိုးရှိသည်ဟု သိရသည်။ အထက်ဖော်ပြပါ အနက်အဓိပ္ပာယ်အရ သင်္ကြန်အခါတွင် ခေါင်းလျှော်ခြင်း၊ ရေပက်ဖျန်းကစားခြင်းတို့သည် အဆိုးအညံ့တို့ ပျောက်စေပြီး အကောင်းအသန့်တို့ ရောက်စေရန် ရည်သန်ဆေးကြောခြင်းဟု ဆိုရမည်ဖြစ်သည်။

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း၌ ပါဝင်ခဲ့ရာ ယခုနှစ်သင်္ကြန်ကို ရိုးရာအစဉ်အလာမပျက် ထူးထူးခြားခြား စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ သို့ရာတွင် မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် နိုင်ငံနှင့် ပြည်သူများ ထိခိုက်ပျက်စီးဆုံးရှုံးမှု ပမာဏကြီးမားစွာဖြစ်ပေါ်ခဲ့ရပြီး ဝမ်းနည်းဖွယ်ရာကာလတစ်ရပ်ကို ဖြတ်သန်းခဲ့ကြရသည်။ ငလျင်ဘေးဒဏ်သင့်ဒေသမှာ ကြီးမားကျယ်ပြန့်ပြီး မြို့ရွာအများအပြားမှာ ဘေးအန္တရာယ်ကို ခံစားခဲ့ကြရသည့်အလျောက် အပျက်အစီးများ ဖယ်ရှားရှင်းလင်းရေး၊ ပြန်လည်ပြုပြင်ရေး၊ အသစ်ပြန်လည်တည်ဆောက်ရေးစသည်ဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ကြရဦးမည်ဖြစ်ရာ ယခုနှစ်သင်္ကြန်သည် အတီးအမှုတ်၊ အကအခုန်၊ အပျော်အပါးတို့ လျှော့သော သင်္ကြန်ပုံရိပ်များကို ဖယ်ရှား၍ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်နှင့်အညီ ယဉ်ကျေးသိမ်မွေ့သည့် သင်္ကြန်၊ အေးချမ်းသာယာသည့် အေးသင်္ကြန်အဖြစ် ကျင်းပ၍ နှစ်သစ်အတာကူးကြရမည်ဖြစ်သည်။

နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့်ကာလကို မင်္ဂလာအချိန်အခါအဖြစ် သတ်မှတ်ပြီး မင်္ဂလာရှိသောအမှု ကုသိုလ်ကောင်းမှုတို့ပြုကာ နှစ်သစ်ကို စတင်ကြသည်။ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းရာတွင် လူတို့၏ သဘာဝ နှစ်ဟောင်းမှ မကောင်းမှုများ နှစ်သစ်သို့ ပါရှိမလာစေရန်၊ နှစ်သစ်တွင် ကောင်းခြင်းမင်္ဂလာအဖြာဖြာတို့နှင့် ပြည့်စုံစေရန် မျှော်လင့်ဆုတောင်းမှုတို့ ပြုကြသည်။ ပြက္ခဒိန်သဘောအရ တစ်နှစ်မှတစ်နှစ်သို့ ကူးပြောင်းသွားသည်ဟုဆိုစေကာမူ မိမိတို့၏ နေ့စဉ်ဘဝများတွင် နှစ်ဟောင်းမှ အမွေတို့ကို ဆက်ခံ၍ နှစ်သစ်ကို ဆက်လက်ဖြတ်သန်းကြရခြင်းဖြစ်သည်။

ပြီးခဲ့သည့် နှစ်များအတွင်း မိမိတို့နိုင်ငံသူ၊ နိုင်ငံသားများသည် ကိုဗစ်-၁၉ ကပ်ရောဂါ၊ လက်နက်ကိုင်ပဋိပက္ခများ၊ မိုခါဆိုင်ကလုန်းမုန်တိုင်း၊ ရာဂီတိုင်ဖွန်းမုန်တိုင်း၊ မန္တလေးငလျင်ကြီး စသည့် ဘေးအန္တရာယ်ကြီးများနှင့် ကြုံတွေ့ခဲ့ကြရသည်။ သဘာဝဘေးအန္တရာယ်ကြီးများဆိုသည်မှာ ဖြစ်ပေါ်မလာစေရန် တားဆီး၍မရ။ လက်နက်ကိုင်ပဋိပက္ခများမှာမူ လူတို့ကြောင့်သာ ဖြစ်ပေါ်လာရခြင်းဖြစ်ပြီး လူတို့အားဖြင့် တားဆီးဖယ်ရှားပစ်နိုင်သည်။ မြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်သည် ငြိမ်းချမ်းရေးဖြစ်ပြီး နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူအားလုံး၏ တစ်ခုတည်းသော ဆန္ဒအစစ်အမှန်မှာလည်း ငြိမ်းချမ်းရေးပင်ဖြစ်ရာ မိမိတို့ မျှော်လင့်ကြသည့် နှစ်သစ်သည် မင်္ဂလာရှိစွာဖြင့် ငြိမ်းချမ်းသာယာမှုကို ဆောင်ကြဉ်းလာနိုင်ပါစေကြောင်း။ ။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ နှစ်ဦးတရားပွဲ ကျင်းပမည်



နှစ်ဦးတရားပွဲကျင်းပမည့်မဟာအတုလဝေယံ(အတုမရှိ) ကျောင်းတော်ကြီး

**မန္တလေး ဧပြီ ၁၁**

၁၃၈၇ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့(ဧပြီ ၁၇ ရက်) ညနေ ၅နာရီတွင်မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ အောင်မြေသာစံမြို့နယ် မဟာအတုလဝေယံ (အတုမရှိ) ကျောင်းတော်ကြီး၌ နှစ်ဦးတရားပွဲ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ နှစ်ဦးတရားပွဲတွင် မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ကြွရောက်ဟောကြား ချီးမြှင့်မည်ဖြစ်သည်။

တရားပွဲသို့ မန္တလေးမြို့တော်သူ မြို့တော်သားများသာမက ရပ်နီးရပ်ဝေးမှ ဓမ္မမိတ်ဆွေများ အနေဖြင့် တရားတော် လာရောက်နာယူနိုင်ကြပါရန် နှစ်ဦးတရားပွဲတော်ဖြစ်မြောက်ရေး အဖွဲ့မှ နိုးဆော်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# Sky Villa ကူညီကယ်ဆယ်ရေးလုပ်ငန်းခွင်ရှိရာသို့ သဲဖြူဆရာတော်ကြီး ကြွရောက်ကြည့်ရှုတော်မူ

**မန္တလေး ဧပြီ ၁၁**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက် ၆၀ လမ်း ၂၂လမ်း ၂၃လမ်းကြားရှိ မန္တလေးငလျင်ကြီး ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် Sky Villa Condo ကယ်ဆယ်ရေးဆောင်ရွက်နေသည့် နေရာသို့ ယနေ့နံနက် ၁၀နာရီက သဲဖြူနှင့် မဟာမြိုင်တောရ ဓမ္မရိပ်သာ ဆရာတော် သာသနာဓဇဓမ္မာစရိယ ဘဒ္ဒန္တအရှင်ပညာဇောတ ဆရာတော်ကြီးနှင့်အတူ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်၊ မီးသတ်ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုကြသည်။



သဲဖြူနှင့် မဟာမြိုင်တောရ ဓမ္မရိပ်သာဆရာတော်ကြီးနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများ ငလျင်ဒဏ်သင့်အဆောက်အအုံအား ကြည့်ရှုစဉ်။

အောင်မြေသာစံ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းသူအောင်၊ ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကိုနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးထက်တို့က ကယ်ဆယ်ရေး ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ကယ်ဆယ်ရေး လုပ်ငန်းခွင်ရှိ ကရိန်းနှင့် စက်ယန္တရားများကို ကြည့်ရှုစစ်ဆေးကာ ကယ်ဆယ်ရေးလုပ်ငန်းခွင်မှ ရှာဖွေတွေ့ရှိခဲ့သော ပစ္စည်းများအား စနစ်တကျ လက်ခံထားရှိရေး ကယ်ဆယ်ရေး လုပ်ငန်းခွင်အတွင်းရှိ ကရိန်းစက်များဖြင့် ဆယ်ယူဖယ်ရှား ရှင်းလင်းနေမှု ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာများ၊ လုံခြုံရေးအဖွဲ့များ၊ ကယ်ဆယ်ရေးအဖွဲ့များအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ဆရာတော်ကြီးက ထောက်ပံ့ဂုဏ်ပြုငွေ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဇာနည်ကိုကို**




## ၁၁ - ၄ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၆၂၀၀၀၀ ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | စိုးစိုးနိုင် | **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းမှူး** | - | မြင့်စိုး | **အကြီးတန်း** | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| **စာတည်းများ** | - | ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | **သတင်းထောက်များ** | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **ဘာသာပြန်စာတည်း** | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | **အငယ်တန်း** | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ | **သတင်းထောက်များ** | | |
| **စာပြင်** | - | ဇော်မင်းသန်းနှင့် အဖွဲ့ | **ဓာတ်ပုံသတင်းထောက်** | - | တင်စိုး |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ | **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm





## ဆက်ကပ်လှူဒါန်း

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး ဓမ္မာရုံ တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွား တော်မြတ်အား ဖူးမြော် ကြည်ညို၍ မြသပိတ် ဆွမ်း တော်၊ သစ်သီးပန်းမန်၊ သောက် တော်ရေချမ်းတို့ကို ဆက်ကပ် လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ ပထမမိုင်းသောက်ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။

❀ ရှေ့ဖုံးမှ

အရာရှိကြီးများနှင့်ဇနီးများ၊ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဝတ်အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

### ဖူးမြော်ကြည်ညို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး ဓမ္မာရုံတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီးပန်းမန်၊ သောက်တော်ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများက ပထမမိုင်းသောက်ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်သည်။ ၎င်းနောက် သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကိုယူဆောင်၍ စေတီတော်ပရိဝုဏ်တော်တွင် ပက်ဖျန်းကြဲဖြန့် ချည်နှောင်တားဆီးကာရံကြသည်။

### ဆက်ကပ်လှူဒါန်း

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ မိသားစုဝင်များက သဗ္ဗညုဘုရားရှင်အား ရည်မှန်းထား၍ ရတနာစိန်ဖူးတော်ကို ပထမမိုင်းသောက် ဆရာတော်ကြီးထံ သာဟတ္ထိကဒါနမြောက် ဆက်ကပ်ပူဇော်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များ၊ ရွှေဘုန်းပွင့်စေတီတော်ဂေါပကအဖွဲ့နာယက၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် မိသားစုဝင်များ ရတနာစိန်ဖူးတော်ကို ပထမမိုင်းသောက် ဆရာတော်ကြီးထံ သာဟတ္ထိကဒါနမြောက် ဆက်ကပ်ပူဇော်စဉ်။

တို့က ငှက်မြတ်နားတော်၊ ရတနာစိန်ပန်းခိုင်၊ ဆပ်သွားဖူးတော်နှင့် လှူဖွယ်ပစ္စည်းများအား သံဃာတော် အရှင်သူမြတ်များထံ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ မိသားစုဝင်များနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ရှမ်းပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ တောင်ကြီးမြို့၊ သိမ်တောင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ တေဇဝန္တ ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်ဇနီး၊

*စာမျက်နှာ ၄ သို့*

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်စဉ်။

စာမျက်နှာ ၃ မှ

မိသားစုဝင်များနှင့် အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကာ မင်္ဂလာရထားပျံမဏ္ဍပ်သို့ ပို့ဆောင်ကြသည်။ ထို့နောက် မင်္ဂလာအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များ၊ အခမ်းအနား တက်ရောက်လာကြသူများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူလူထုတို့က မင်္ဂလာကြိုးဆွဲ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းကြသည်။ ထို့နောက် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့်ရွှေထီးတော် တင်လှူပူဇော်အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ၊ အခမ်းအနား တက်ရောက်လာကြသူများက မင်္ဂလာကြိုးဆွဲ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး ငှက်ပျောဖူးတော်နေရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ သားသမီးမြေးတစ်စုတို့က လှူဒါန်းသည့် ရွှေစင် ၆ ကျပ်သားရှိရွှေပြားသင်္ကန်းတော် ၁ ချပ်အား ကပ်လှူပူဇော်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပေးသည်။

### ဖူးမြော်ကြည်ညို

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးနှင့် စေတီတော်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုပြီး မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။

ဆက်လက်ပြီး သံဃာတော်အရှင်သူမြတ်များက ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိတ်သွန်းတော်မူကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ မဟာမင်္ဂလာအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားများ အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့စဉ် ထိခိုက်ပျက်စီးမှုများကြုံတွေ့ခဲ့ရသည့် အင်းလေးဒေသသို့ သွားရောက်စစ်ဆေး ငလျင်ဘေးဒဏ်သင့်ပြည်သူများအား တွေ့ဆုံအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် မေ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့စဉ် ထိခိုက်ပျက်စီးခဲ့ရမှုများ ကြုံတွေ့ခဲ့ရသည့် အင်းလေးဒေသသို့ယနေ့ မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘေးဒဏ်သင့်ပြည်သူများအား တွေ့ဆုံအားပေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ညောင်ရွှေမြို့နယ် အင်းခြံကေလာကျေးရွာအုပ်စု ကေလာကျေးရွာအတွင်း ငလျင်ဒဏ်ကြောင့် လူနေအိမ်များ ထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညောင်ရွှေမြို့နယ် အင်းခြံကေလာကျေးရွာအုပ်စု ကေလာကျေးရွာသို့ စက်လှေများဖြင့် ရောက်ရှိပြီး ကေလာကျေးရွာအုပ်စု အတွင်း လူနေအိမ်များ ပျက်စီးမှုဖြစ်ပေါ်ခဲ့မှုနှင့် ထိခိုက်ပျက်စီးမှုအခြေအနေများကို မေးမြန်းကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယိုင်နဲ့သွားသည့်နေအိမ်များအား အမြန်ဆုံး ပြန်လည်ပြုပြင်ပေးနိုင်ရေး ဒေသမှ ကျွမ်းကျင်လက်သမားအဖွဲ့များ၊ လုပ်သားများဖြင့် ဆောင်ရွက်ပေးသွားရန်နှင့် ပြန်လည်ဆောက်လုပ်ရန် လိုအပ်သည့် နေအိမ်များအား ရှင်းလင်းမှုများကို ဆောင်ရွက်ပေးသွားရန် လမ်းညွှန်မှာကြားသည်။

**တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ငလျင်ဘေးဒဏ်သင့် ပြည်သူများနှင့်တွေ့ဆုံရာ ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ကလောခရိုင်အုပ်ချုပ်ရေးမှူးတို့က ညောင်ရွှေမြို့နယ်အတွင်း ငလျင်ဘေးဒဏ်ကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု၊ ဘုရား၊ စေတီပုထိုးများ၊ လူနေအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေများ၊ နေအိမ်များ ပြန်လည်တည်ဆောက်ရန်အတွက် သစ်နှင့် သွပ်များလိုအပ်ချက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နေအိမ်များ ပြန်လည်တည့်မတ်ခြင်းနှင့် တည်ဆောက်ခြင်းလုပ်ငန်းများကို မိုးရာသီမရောက်မီ ဆောင်ရွက်ပြီးစီးစေရေး ကျွမ်းကျင်လက်သမားအဖွဲ့များနှင့် ကျွမ်းကျင်လုပ်သားများရရှိအောင် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးတို့မှ ပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်း၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် အုတ်ဖိနပ်များဖြင့် ဆောက်လုပ်နိုင်ရေး မြေသားစစ်ဆေးခြင်းများကိုလည်း ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊

*စာမျက်နှာ ၆ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

*စာမျက်နှာ ၅ မှ*

ဆောက်လုပ်ရေး လုပ်ငန်းများအတွက် လိုအပ်သည့်သစ်၊ သွပ်နှင့် ဘိလပ်မြေများ လုံလောက်စွာရရှိစေရေး နိုင်ငံတော်မှကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ငလျင်ဒဏ်သင့် ပြည်သူများအတွက် လတ်တလောကာလတွင် တစ်လစာအထိ စားသောက်ဖွယ်ရာများကိုလည်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အဆင်ပြေစေရေးအတွက် တိုက်နယ်ဆေးရုံတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**ထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားမည်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ငလျင်သဘာဝဘေးဒဏ် ဆိုင်ရာများ၊ ဒေသဖွံ့ဖြိုးရေး ဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ယခု ကြုံတွေ့ခဲ့ရသည့် မန္တလေးငလျင်ကြီးသည် မိမိတို့နိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြီးများအနက် ဒုတိယအပြင်းထန်ဆုံးနှင့် ထိခိုက်ပျက်စီးမှုများပြားခဲ့သည့် ငလျင်ကြီးဖြစ်ကြောင်း၊ ယနေ့နံနက်ပိုင်းအထိ ကောက်ယူရရှိသည့်စာရင်းများအရ ထိခိုက်သေဆုံးခဲ့ရသူ ၃၆၇၅ ဦး၊ ဒဏ်ရာရရှိခဲ့ရသူ ၅၀၂၀ နှင့် ပျောက်ဆုံးနေသူ ၁၄၁ ဦးရှိသည်ဟု သိရှိရကြောင်း၊ ယခုကဲ့သို့ သေဆုံးမှုများသည် မိမိတို့ နိုင်ငံသမိုင်းတွင် ဆိုးရွားသည့်အဖြစ်အပျက်တစ်ခုဖြစ်ပြီး မိမိအနေဖြင့်လည်း စိတ်မကောင်း ဖြစ်ရကြောင်း၊ သေဆုံးခဲ့ရသူများကို တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းစီ ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး နေအိမ်ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့ရမှုများကိုလည်း နေအိမ်အမျိုးအစားနှင့် ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့ရမှုများအလိုက် ထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

အဆောက်အအုံများ ဆောက်လုပ်ရာတွင် ယခင်မိမိတို့နိုင်ငံတွင် အမြင့်ဆုံးလှုပ်ခတ်ခဲ့သည့် ရစ်(ခ်)တာစကေး ၈ အထိ ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ရမည်ဖြစ်သော်လည်း ဆောက်လုပ်ခဲ့ခြင်း မရှိမှုများကြောင့် အချို့အဆောက်အအုံများမှာ ပျက်စီးပြီး ထိခိုက်သေဆုံးမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နောင်အချိန်တွင် ယခုကဲ့သို့ပျက်စီးမှုများမရှိစေရေး အဆောက်အအုံများ ဆောက်လုပ်ရာတွင် အနည်းဆုံး ရစ်(ခ်)တာစကေး ၈ အထိ ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ ယခု ငလျင်ဘေးဒဏ်ကြုံတွေ့ခဲ့ရစဉ် နေပြည်တော်တွင် တည်ထားကိုးကွယ်ထားရှိသည့် မာရဝိဇယဆင်းတုတော်ကြီးနှင့် ပလ္လင်တော်ကြီးတို့အနေဖြင့် ထိခိုက်ပျက်စီးမှု(လုံး၀) မရှိခဲ့ကြောင်းနှင့် အခြား သာသနိက အဆောက်အအုံများတွင် ထိခိုက်ပျက်စီးမှု အနည်းငယ်သာဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ တည်ဆောက်ရေး လုပ်ငန်းများ စတင်ဆောင်ရွက်စဉ် ကတည်းကပင် ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် လေပြင်းတိုက်ခတ်မှုဒဏ်ခံနိုင်ရေး၊ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့်သဘာဝဘေးဒဏ်အန္တရာယ်များမှ ခံနိုင်မှုရှိစေရေးတို့ကို စနစ်တကျ တွက်ချက်တည်ဆောက်ခဲ့မှုနှင့် ခေတ်မီအင်ဂျင်နီယာနည်းပညာများ အသုံးပြုတည်ဆောက်ခဲ့မှုကြောင့် ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင် နောင်လာ နောက်သားများ၏ ကာလ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်မှုမရှိစေရေး မိမိတို့အနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ စနစ်တကျဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၇ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားအား ရွှေသင်္ကန်းများ ကပ်လှူပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားတွင် ငလျင်ဒဏ်ကြောင့် သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**“ အဆောက်အအုံများ ဆောက်လုပ်ရာတွင် ယခင်မိမိတို့နိုင်ငံတွင် အမြင့်ဆုံးလှုပ်ခတ်ခဲ့သည့် ရစ်(ခ်) တာစကေး ၈ အထိ ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ရမည်ဖြစ်သော်လည်း ဆောက်လုပ်ခဲ့ခြင်းမရှိမှုများကြောင့် အချို့အဆောက်အအုံများမှာ ပျက်စီးပြီး ထိခိုက်သေဆုံးမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်၊ ထို့ကြောင့် နောင်အချိန်တွင် ယခုကဲ့သို့ပျက်စီးမှုများမရှိစေရေး အဆောက်အအုံများ ဆောက်လုပ်ရာတွင် အနည်းဆုံး ရစ်(ခ်)တာစကေး ၈ အထိ ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ရန် ညွှန်ကြားထားပြီးဖြစ် ”**





နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ညောင်ရွှေမြို့နယ် အင်းလေးဒေသတွင် ငလျင်ဒဏ်ကြောင့် လူနေအိမ်များ ထိခိုက်ပျက်စီးမှုကို စက်လှေဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၆ မှ*

လျှော့ဒဏ်သင့် ပြည်သူများကူညီကယ်ဆယ်ရေးအတွက် နိုင်ငံတကာမှလည်း ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိသဖြင့် မိမိတို့အနေဖြင့် ကျေးဇူးတင်ရှိကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးကို ဆောင်ရွက်နေခြင်း မဟုတ်ဘဲ နိုင်ငံ့အရေးကို ဆောင်ရွက်နေကြခြင်း ဖြစ်ကြောင်း၊ **နိုင်ငံတော်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဦးနှင့်တစ်ဦး ညီညီညွတ်ညွတ်ဖြင့် တောင်ပေါ်မြေပြန့်မခွဲခြားဘဲ ဝိုင်းဝန်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။**

**အားလုံးဝိုင်းဝန်းဆောင်ရွက်**

မကြာခင် ကျရောက်တော့မည့် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကိုလည်း ရိုးရာအစဉ်အလာများနှင့်အညီ အေးအေးချမ်းချမ်းဖြင့်သာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ စားသောက်ကုန်များ ဈေးနှုန်းမြင့်တက်မှုမရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားလုံးဝိုင်းဝန်း၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသနှင့် နိုင်ငံအတွက် ဝမ်းစာဖူလုံရေးနှင့် လူနေမှုဘဝမြင့်မားစေရေးတို့အတွက် အထောက်အကူပြုအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ပညာ သင်ကြားရေးနှင့် ပတ်သက်၍ လျှော့ဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် အခြေခံပညာကျောင်းများအား ကျောင်းဖွင့်ချိန်အမီ ပြန်လည်ဖွင့်လှစ်နိုင်ရေး အမြန်ဆုံး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကလေးငယ်များအားလုံး အမျိုးသားရေး စိတ်ဓာတ်ရှိစေရေး၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်စေရေးတို့အတွက် ဆရာ၊ ဆရာမများ၊ မိဘများ၏ အုပ်ထိန်းမှုများအောက်တွင် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ မိမိတို့၏ သားသမီးများ ပညာတတ်များဖြစ်စေရေးနှင့် ၎င်းတို့ဖြတ်သန်းရမည့် ဘဝခရီးလမ်းကို အေးချမ်းသာယာချောမွေ့စွာဖြင့် ဖြတ်သန်းသွားနိုင်ရေး လမ်းကြောင်းမှန်ပေါ်သို့ ဖော်ဆောင်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ပြန်လည် ထူထောင်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ နိုင်ငံတော်မှ အတတ်နိုင်ဆုံး ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းဆောင်ရွက်ပေးကြမည် ဆိုပါက ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပြီးစီးမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လျှော့ဘေးဒဏ်သင့်ပြည်သူများအတွက် စားသောက် ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် မီးသတ်တပ်ဖွဲ့ဝင်များအား ချီးမြှင့်ငွေပေးအပ်စဉ်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များအား ချီးမြှင့်ငွေများ ပေးအပ်သည်။

**ထိခိုက်ပျက်စီးခဲ့မှုများ ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားသို့ ရောက်ရှိကြပြီး လျှော့ဒဏ်ကြောင့် သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ပင်မစံကျောင်းတော်ကြီး ရေရှည်ကြံ့ခိုင်မှုရှိစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် ကျောက်၊ သဲ၊ သံချောင်းများနှင့် ဘိလပ်မြေတို့ကို အမြန်ဆုံးရောက်ရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ စံကျောင်းတော်ကြီးရှိ အောက်ခြေတိုင်များ ကြံ့ခိုင်မှုရှိစေရေး မြန်မြန်ဆန်ဆန်ဖြင့် စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ လျှော့ဒဏ်ကြောင့် မြေကာနံရံများ၌ မြေပြိုကျခဲ့သည့် နေရာများအား Sheet Pile များဖြင့် အမြန်ဆုံး ပြန်လည်ပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြုပြင်ရေးလုပ်ငန်းများအား နှစ်စဉ်ကျင်းပနေကျဖြစ်သည့် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ဒေသစာရီကြွချီပူဇော်ခံပွဲမတိုင်မီ ပြီးစီးအောင် ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားအား ပန်းနှင့် သောက်တော်ရေချမ်းတို့ ကပ်လှူပူဇော်ဖူးမြော်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားအား ရွှေသင်္ကန်းများ ကပ်လှူပူဇော်ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ဘက်စုံပြုပြင် မွမ်းမံရန်အတွက် စုပေါင်းဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ပြီး စေတီတော်ပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*❖ကျောဖုံးမှ*

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် လျှော့သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရမှုအခြေအနေများ၊ နိုင်ငံပေါင်း ၃၂ နိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ပေးခဲ့မှုနှင့် ကူညီကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးပို့ပေးခဲ့သည့်အခြေအနေများ၊ နိုင်ငံတကာမှပေးပို့လာသည့် ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများကို လျှော့ဘေးဒဏ်သင့်ပြည်သူများထံသို့ လက်ဝယ်အရောက် အမြန်ဆုံးဖြန့်ဝေပေးနေမှု အခြေအနေများ၊ မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတကာမှ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ လျှော့ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ AHA Centre အပါအဝင် နိုင်ငံပေါင်း ၃၂ နိုင်ငံမှ ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ICRC တို့ ပူးပေါင်း၍ လျှော့ဒဏ် ခံစားခဲ့ရသည့်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့်အခြေအနေများ၊ မြန်မာနိုင်ငံ၌ ICRC က လျှော့ဒဏ်သင့်ဒေသများတွင် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ညွှန်ကြားရေးမှူး၊ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးတို့နှင့်အတူ ICRC ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ဝန်ကြီးရုံးများ၌ ရုံးလုပ်ငန်းဆောင်ရွက်မှုနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်ရေး နေရာချထားပေးမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၁၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ဝန်ကြီးရုံး ရုံးအမှတ် (၂၉)၊ ရုံးအမှတ် (၂)နှင့် ရုံးအမှတ် (၅) တို့သို့ သွားရောက်၍ ရုံးဌာနအလိုက် ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်မှုနှင့် ဝန်ထမ်းနှင့်မိသားစုများ ယာယီနေထိုင်ရေး နေရာချထားပေးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းနှင့် အဖွဲ့သည် ရုံးအမှတ် (၂၉)၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်)ရှိ ဌာနခွဲများ၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးတို့၏ ဌာနခွဲများ၌ ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုပြီး ဝန်ထမ်းများအား အားပေးစကားပြောကြားသည်။ ဆက်လက်၍ လျှော့ဒဏ်ခံ ဝန်ထမ်းမိသားစုများအား ရုံးဧရိယာအတွင်း ယာယီနေထိုင်ရေး နေရာချထားပေးမှု၊ စားသောက်ရေး၊ ကျန်းမာရေး စီစဉ်ပေးထားမှုအခြေအနေများကိုလည်းကောင်း၊ လျှော့ဒဏ်ခံရသည့် ရုံးအဆောက်အအုံနှင့် ရုံးခန်းများ၏ ပျက်စီးမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဝန်ကြီးရုံး ရုံးအမှတ် (၂) သို့ ရောက်ရှိပြီး ဝန်ကြီးရုံး၊ ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန၊ သတင်းအချက်အလက်၊ နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေး ဦးစီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့၏ ရုံးခန်းများအတွင်း တာဝန် ထမ်းဆောင်နေသည့် ဝန်ထမ်းများအား လိုက်လံကြည့်ရှုအားပေးခြင်း၊ သင်ကြားမှုများအတွက် သင်ထောက်ကူပစ္စည်းများ၏အခြေအနေကို စစ်ဆေးခြင်း၊ ရုံးဧရိယာအတွင်း လျှော့ဒဏ်ခံ ဝန်ထမ်းမိသားစုများအတွက် ယာယီစခန်းချ စီစဉ်ထားရှိမှု၊ စားသောက်ရေး၊ သန့်ရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပံ့ပိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ မိုးလုံလေလုံနေထိုင်နိုင်ရေးနှင့် အခြားလိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဝန်ကြီးရုံး၊ ရုံးအမှတ် (၅) ၌ ရုံးခန်းများအလိုက် တာဝန်ထမ်းဆောင်နေသော ရုံးဝန်ထမ်းများကို လိုက်လံကြည့်ရှုအားပေးကာ ရုံးလုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်နိုင်စေရေး စီမံဆောင်ရွက်ရန်ကိစ္စ၊ ကျန်းမာရေး စောင့်ရှောက်မှု၊ စားသောက်ရေးဆိုင်ရာ ကိစ္စများ၊ ရုံးအားလုံးနှင့် ယာယီစခန်းနေရာများတွင်မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မီးသတ်ဆေးဘူးများ ထားရှိရန်၊ အဆိုပါယာယီစခန်းများအလိုက် အဖွဲ့ခေါင်းဆောင်များ သတ်မှတ်တာဝန်ပေးအပ်ရန် ကိစ္စများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နေပြည်တော်လမ်းလျှောက်သင်္ကြန်၏ ရေအေးသင်္ကြန်နှင့် စတုဒိသာမဏ္ဍပ်တည်ဆောက်နေမှု၊ လယ်ဝေးပြန်/ဆက်ရုံးနှင့် ဒက္ခိဏခရိုင် သင်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်လမ်းလျှောက်သင်္ကြန် ကျင်းပမည့် ဧရိယာအတွင်း ရေအေးသင်္ကြန် နှင့် စတုဒိသာမဏ္ဍပ် တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေး သည်။ ယခုနှစ် နေပြည်တော်လမ်းလျှောက်သင်္ကြန် တွင် မြန်မာ့ရိုးရာအတာသင်္ကြန်အား UNESCO ၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရသည်ကို အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်ပြုကျင်းပမည် ဖြစ်ပြီး ကဏ္ဍများအနေဖြင့် မြန်မာ့သနပ်ခါးယဉ်ကျေး မှုဓလေ့အား လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်အဖြစ် ပါဝင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေမှုကို ဂုဏ်ပြုသောအားဖြင့် သနပ်ခါးလိမ်းသည့် သရုပ်ဖော်ခြင်း၊ သက်ကြီးရွယ်အို များအား ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်း လှီးဖြတ်ပေးခြင်း၊ နေ့စဉ် နံနက် / ညနေ စတုဒိသာ အဖြစ် သင်္ကြန်ထမင်း၊ မုန့်လုံးရေပေါ်၊ ရွှေရင်အေး၊ ဆနွင်းမကင်း၊ ကျောက်ကျောဖျော်ရည်၊ မုန့်လက် ဆောင်း၊ ရွှေကြည်၊ သာဂူကျို၊ အုန်းနို့ကျောက်ကျော စသည်တို့ ကျွေးမွေးခြင်း၊ မြန်မာ့ရိုးရာသင်္ကြန် အစဉ်အလာနှင့်အညီ သပြေခက်ဖြင့် ရေပက်ကစား ခြင်းကဏ္ဍများသာ ပါဝင်မည်ဖြစ်သည်။

ယခင်နှစ်နှစ်က နေပြည်တော်လမ်းလျှောက် သင်္ကြန်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သော်





လည်း ယခုနှစ်တွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီ နယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသ ကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး နှင့် ရှမ်းပြည်နယ်အတွင်း၌ နစ်နာဆုံးရှုံးရသည့် ပြည်သူအများအပြားရှိနေရာ ယခုနှစ် မြန်မာ့ရိုးရာ သင်္ကြန်ကို အပျော်အပါးသီဆိုကခုန်မှုများ မပါဝင်ဘဲ ရိုးရာယဉ်ကျေးမှုနှင့်အညီ နိုင်ငံတော်က အေးချမ်း သာယာသောသင်္ကြန်(အေးသင်္ကြန်) အဖြစ် ကျင်းပ မည်ဖြစ်၍ လမ်းလျှောက်သင်္ကြန်ကိုလည်း အေး သင်္ကြန်အဖြစ် ပြောင်းလဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လယ်ဝေးမြို့နယ်ရုံးသို့ သွားရောက်၍ ငလျင်ဒဏ် ကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေနှင့် လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရန် ဆောင်ရွက်ပေးရမည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ **(အပေါ်ပုံ)** ဝန်ထမ်းများအား ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီး မှုများကို အမြန်ဆုံးပြင်ဆင်ဆောင်ရွက်ပေးမည်ဖြစ် ကြောင်း၊ ငလျင်ဒဏ်ကြောင့် ဝန်ထမ်းများ ထိခိုက် ဒဏ်ရာရမှုမရှိသည်ကို တွေ့ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ မိမိတို့၏ရုံးများကို မူလ အတိုင်း ပြန်လည်ပြင်ဆင်၍ ယခင်အတိုင်း လုပ်ငန်း များဆောင်ရွက်နိုင်ရန် ကြိုးပမ်းကြစေလိုကြောင်း အားပေးစကား ပြောကြားပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ် သည်။

ယင်းနောက် ဒက္ခိဏခရိုင်(သင်တန်းကျောင်း) ရှိဝန်ထမ်းများယာယီတည်းခိုနိုင်မည့်အဆောက်အအုံ များတည်ဆောက်နေမှု၊ လျှပ်စစ်မီး၊ သောက်ရေသန့်၊ သုံးရေ၊ ချိုးရေ၊ သန့်စင်ခန်းများ လုံလောက်စွာရရှိရေး ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက အားပေးစကား ပြောကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ မန္တလေးငလျင်ကြီးဒဏ်သင့် မန္တလေးမြို့ရှိ နည်းပညာဆိုင်ရာ တက္ကသိုလ်များနှင့် ကောလိပ်တို့အား ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား နှစ်သိမ့်အားပေးထောက်ပံ့

**နေပြည်တော် မေ ၁၁**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် မေ ၈ ရက် မွန်းလွဲပိုင်းက မန္တလေးမြို့ရှိ နည်းပညာ တက္ကသိုလ်များနှင့် နည်းပညာ ကောလိပ်တို့ရှိ မန္တလေးငလျင်ကြီး ဘေးဒဏ်သင့် အဆောက်အအုံများ၌ လှည့်လည် ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများ ကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှစ်သိမ့် အားပေးထောက်ပံ့သည်။

ဦးစွာ ဒုတိယဝန်ကြီးသည် နည်းပညာတက္ကသိုလ် (မန္တလေး) သို့ ရောက်ရှိခဲ့ပြီး တာဝန်ရှိသူများ နှင့်တွေ့ဆုံကာ မိမိတို့၏ ရည်မှန်း ချက်တာဝန်ဖြစ်သည့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အထောက် အကူပြု အင်ဂျင်နီယာလူငယ် ကောင်းများကို စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရေးနှင့် ကျောင်းသား များ၏ ပညာသင်ကာလများ တစ်ပြေးညီဖြစ်စေရေးတို့အတွက် လာမည့် ကျောင်းဖွင့်ကာလ၌ သင်တန်းများကို ဖွင့်လှစ်နိုင်ရေး အတွက် ငလျင်ဒဏ်ကြောင့် သာမန်အငယ်စားမျှသာ ထိခိုက်ခဲ့ သော စာသင်ခန်းများ၊ အလုပ်ရုံ များနှင့် ပုံဆွဲခန်းများကို ဦးစား ပေးပြုပြင်၍ အကြီးစား ပြန်လည်ပြုပြင်ရေး လုပ်ငန်း များကို အဆင့်အလိုက် သတ်မှတ် စံနှုန်းများနှင့်အညီ ဆောင်ရွက် သွားရန် တိုက်တွန်းမှာကြား သည်။

ယင်းနောက် ဒုတိယဝန်ကြီး သည် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစု ဝင်များနှင့် တွေ့ဆုံ၍ နှစ်သိမ့် အားပေးကာ လက်ဝယ်အရောက် ဆန်များ၊ ရေသန့်များ၊ စားသောက် ကုန်များ၊ ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်ပြီး လိုအပ်သည် များကို ဖြည့်ဆည်းဆောင်ရွက်ပေး သည်။ ထို့နောက် ဒုတိယဝန်ကြီး သည် မန္တလေးငလျင်ကြီး လှုပ် ခတ်မှုကြောင့် ပင်မသုံးထပ်စာသင် ဆောင် နှစ်ဆောင်နှင့် အခြား အဆောက်အအုံများ၊ ဝန်ထမ်း အိမ်ရာများ၊ ကျောင်းသားအိပ် ဆောင်များတွင် ထိခိုက်ပျက်စီးမှု နှင့် ပြုပြင်ထိန်းသိမ်းရန်လိုအပ်မှု အခြေအနေများ၊ ဝန်ထမ်းများနှင့် ကျောင်းသားများ စုပေါင်း၍ ဝန်ထမ်းအိမ်ရာများရှိ သာမန် အငယ်စား ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေ အနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။




ထို့နောက် ဒုတိယဝန်ကြီး သည် မန္တလေးနည်းပညာ တက္ကသိုလ်သို့ရောက်ရှိပြီး မန္တလေး ငလျင်ကြီး လှုပ်ခတ်မှုကြောင့် ပင်မသုံးထပ် စာသင်ဆောင် (အဟောင်း)၏ ကော်လံတိုင်တွင် ပလာစတာအက်ကွဲမှုများ ဖြစ်ပေါ် ကာ နံရံအချို့တွင် အက်ကွဲမှုများ ပေါ်နေခြင်း၊ ဇီဝနည်းပညာဌာန တွင် ပါရာပတ်နံရံများပြိုကျခြင်း၊ ဌာနများတွင် မျက်နှာကြက်များ ပွင့်ကျခြင်း၊ ဝန်ထမ်းအိမ်ရာများ၌ ထိခိုက်ပျက်စီးမှုအခြေအနေများ ကို ကြည့်ရှုစစ်ဆေးကာ ပြန်လည် ပြုပြင်ရေးဆိုင်ရာ လိုအပ်သည် များကို တာဝန်ရှိသူများအား မှာကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့် တွေ့ဆုံ ၍ ရှောင်လွှဲ၍မရသော သဘာဝ ဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှု များကို စိတ်သောကရောက်စရာ မလိုဘဲ စိတ်ခွန်အားများဖြင့် ကျောင်းဖွင့်ကာလ၌ သင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ် သောပြင်ဆင်မှုများကို အချိန်မီ ဆောင်ရွက်ရန် လိုအပ်ကြောင်း နှစ်သိမ့်အားပေးကာ ၎င်းတို့၏ လက်ဝယ်အရောက် ဆန်များ၊ ရေသန့်များ၊ စားသောက်ကုန်များ၊ ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့် ပြီး **(ဝဲပုံ)** လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီး သည် အစိုးရနည်းပညာကောလိပ် (မန္တလေး)သို့ ရောက်ရှိပြီး ပင်မ သုံးထပ်စာသင်ဆောင်တွင်ကော်လံ တိုင်များ ထိခိုက်ပျက်စီးမှုများ၊ နံရံ များတွင် အကြီးစားထိခိုက်ပျက်စီး မှုများ၊ ပါရာပတ်နံရံများပြိုကျခြင်း၊ ကြမ်းခင်းများ အက်ကြောင်း ဖြစ်ပေါ်ကာ မြေကျွံကျခြင်း၊ ဝန်ထမ်းအိမ်ရာများတွင် ပါရာပတ် နံရံများ ပြိုကျခြင်းတို့ကို ကြည့်ရှု စစ်ဆေးကာ ပြန်လည်ပြုပြင်ရေး ဆိုင်ရာလိုအပ်သည်များကို တာဝန် ရှိသူများအား မှာကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစု ဝင်များနှင့် တွေ့ဆုံ၍ နှစ်သိမ့် အားပေးကာ ၎င်းတို့၏ လက်ဝယ် အရောက် ဆန်များ၊ ရေသန့်များ၊ စားသောက်ကုန်များ၊ ထောက်ပံ့ ငွေများကို ပေးအပ်ချီးမြှင့်ပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရ သည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနရှိ ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများအတွက် အဖွဲ့အစည်းများနှင့် ကုမ္ပဏီများမှ ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာပစ္စည်းများ လာရောက်ထောက်ပံ့လှူဒါန်းခြင်းနှင့် သင်္ကြန်ကာလအတွက် ဝန်ထမ်းများအား ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် ဧပြီ ၁၁**

အင်အားပြင်း မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ငလျင်ဘေးဒဏ်သင့်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ဝန်ထမ်းများအတွက် တရုတ်နိုင်ငံ CITIC Myanmar Company၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး၊ Myanmar Jiangxi General Chamber of Commerce အဖွဲ့၊ Myanmar Airways International Company Limited၊ တော်ဝင်ညီညွတ်သော အိမ်ခြံမြေအကျိုးဆောင်အသင်းနှင့် Mega Lifesciences Limited တို့မှ ဧပြီ ၉ ရက်က ငွေကြေး၊ စားသောက်ဖွယ်ရာနှင့် လူသုံးကုန်ပစ္စည်းများကို လာရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်နှင့် ဒုတိယဝန်ကြီး ဒေါက်တာ ဝါဝါမောင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာနရှိ ယာယီလူနေခန်းများတွင် နေထိုင်မည့် ဝန်ထမ်းမိသားစုများ ရေအသုံးပြုနိုင်ရန်အတွက် Good Brother Company Limited မှ ရေစက်လေးလုံးနှင့် Best Oil Company မှ ငွေကျပ်သိန်း ၅၀၀ အား လာရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ သင်္ကြန်ရုံးပိတ်ရက် ကျရောက်တော့မည်ဖြစ်သဖြင့် ဝန်ထမ်းများ စနစ်တကျ တာဝန်ချထားရေး၊ လာရောက်လှူဒါန်းကြသည့် ငွေကြေးနှင့် ပစ္စည်းများကို စနစ်တကျ လက်ခံမှတ်တမ်းပြုစုရေး၊ မုတ်သုံရာသီကျရောက်တော့မည့် အချိန်ဖြစ်သဖြင့် ကြိုတင်ပြင်ဆင်ထားမှုများ ဆောင်ရွက်ရေး၊ ဝန်ထမ်းများအား ဌာနခွဲအလိုက် Guardian စနစ်ဖြင့် အနီးကပ်ကြည့်ရှုစောင့်ရှောက်စေရေး၊ သင်္ကြန်ကာလအပြီးတွင် ဝန်ထမ်းများ အင်ပြည့်အားပြည့်ဖြင့် ရုံးလုပ်ငန်းတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရေးတို့ မှာကြားသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အရာထမ်း၊ အမှုထမ်းများအား မဟာသင်္ကြန်ကာလ အလှူဒါနနှင့် မိသားစုများနေထိုင်နိုင်ရေးအတွက် အကြိုထောက်ပံ့ကြေး ငွေကျပ်တစ်သိန်းစီကို ဝန်ထမ်းများအား ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် ရုံးဝင်းရှေ့ရှိ မော်တော်ယာဉ် ရပ်နားဝင်းအတွင်း ဝန်ကြီးဌာနအစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသော စတုရန်းပေ ၁၁၀ ကျယ်ဝန်းသည့် ယာယီလူနေခန်းများ တည်ဆောက်ပြီးစီးမှု၊ ထပ်မံတည်ဆောက်လျက်ရှိသော အလွယ်တကူ တပ်ဆင်အသုံးပြုနိုင်သည့် အိမ် (Prefabricated Houses) များ တည်ဆောက်နေမှု ၊ ရေချိုးခန်း၊ အိမ်သာ စီစဉ်မှုများ၊ "အတူတူချက်ကြစို့" ရည်ရွယ်ချက်များဖြင့် ဝန်ထမ်းမိသားစုများ စုပေါင်းချက်ပြုတ်စားသောက်ရန် အများသုံးမီးဖိုဆောင် (Community Kitchen) စီစဉ်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ငလျင်ဒဏ်ကြောင့်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံအားပေး

**နေပြည်တော် ဧပြီ ၁၁**



မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မန္တလာသီရိ အားကစားပြိုင်ကွင်း အတွင်းရှိ ပရိသတ် ၂၀၀၀ ဆံ့ ဘက်စုံသုံး အားကစားရုံသို့ရောက်ရှိပြီး မန္တလာသီရိ ပင်မအားကစားကွင်းအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများကို အားပေးစကားပြောကြားကာ တစ်ဦးချင်း ထောက်ပံ့ငွေများ ပေးအပ်ပြီး မန္တလေးငလျင်ဒဏ်ကြောင့် ဘက်စုံသုံး အားကစားရုံမှန်များနှင့် နံရံကွဲအက်မှုများ၊ လက်ဝှေ့အားကစားရုံ နံရံကွဲအက်မှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပရိသတ် ၃၀၀၀၀ ဆံ့ မန္တလာသီရိ ပင်မဘောလုံးကွင်းအတွင်း ငလျင်ဒဏ်ကြောင့် အားကစားကွင်း ဝင်ပေါက်များ ပျက်စီးမှု၊ ပွဲကြည့်စင်ပျက်စီးမှု အပါအဝင် ပျက်စီးမှုများကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးပြီး အပျက်အစီးများ ရှင်းလင်းဖယ်ရှားရေး၊ ဆယ်တင်ပစ္စည်းများ စနစ်တကျ သိမ်းဆည်းရေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ နည်းပညာရပ်၊ ပညာရှင်များ စစ်ဆေးပြီးပါက အကြံပြုချက်များအတိုင်း ပြန်လည်ပြုပြင်နိုင်ရေးကိစ္စများကို မှာကြားပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မန္တလေးဘောလုံး အကယ်ဒမီအဆောက်အအုံပျက်စီးမှုများကိုလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် ဘောလုံးကွင်းအတွင်း ရုံးခန်းနှင့် ဝန်ထမ်းနေအိမ်ပျက်စီးမှု၊ ရေစင်ပျက်စီးမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းခရိုင် အားကစားကွင်းသို့ ရောက်ရှိပြီး ဖူဆယ်အားကစားရုံ၊ ဂါလန် ၂၀၀၀ ဆံ့ ရေစင်၊ ပတ်လည်အုတ်တံတိုင်းနှင့် အဝင်မုခ်ဦးများ၊ အားကစားသမားများအိပ်ဆောင်၊ ဝန်ထမ်းနေအိမ်များနှင့် ပွဲကြည့်စင်များတွင် ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ စစ်ကိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းခရိုင်နှင့် စစ်ကိုင်းမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအတွက် အခြေခံ စားသောက်ကုန်များ၊ အဝတ်အထည်များနှင့် ဆိုလာမီးများကို ထောက်ပံ့ပေးအပ်ကာ အားပေးစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနရုံးသို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ရုံးအဆောက်အအုံပျက်စီးမှု၊ စားပွဲတင်တင်းနစ် အားကစားရုံနှင့် GYM အားကစားရုံပျက်စီးမှု၊ စစ်ကိုင်းခရိုင်အားကစားရုံပျက်စီးမှုနှင့် ကယ်ဆယ်ရေးပစ္စည်းများ နေရာချထားမှု၊ စစ်ကိုင်းမြို့နယ် ဘောလုံးကွင်း အုတ်တံတိုင်းပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးပြီး အပျက်အစီးများရှင်းလင်းရေး၊ ဆယ်တင်ပစ္စည်းများ စနစ်တကျ သိမ်းဆည်းရေး၊ ပြန်လည်ပြုပြင်ရေးကိစ္စများကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းမြို့နယ် ဘောလုံးကွင်းအတွင်း စစ်ကိုင်းမြို့ ကယ်ဆယ်ရေးနှင့် အပျက်အစီး ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရောက်ရှိနေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ နေထိုင်မှုများကိုကြည့်ရှုပြီး တာဝန်ရှိသူများအား အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကြံခင်းမြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲ ကျင်းပ



**ကြံခင်း ဧပြီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါး တစ်ဧက ၁၀၀ တင်း တိုးထွက်ရေး၊ မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့ ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲ(ကွင်းသရုပ်ပြ)ခြင်း အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ချောင်းခွကျေးရွာရှိ တောင်သူဦးခင်လှ လယ်မြေတွင် ပြုလုပ်သည်။

ဦးစွာ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဌာန ဦးစီးမှူး ဦးစတိုင်းသာယာက သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ရခြင်း ရည်ရွယ်ချက်နှင့် အသုံးပြုခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့များကို တောင်သူ ၂၅ ဦးထံ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပေးအပ်ကြပြီး တောင်သူ ဦးခင်လှ၏ လယ်မြေလေးကေပေါ်တွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့များကို အခမ်းအနားသို့ တက်ရောက်လာကြသော တာဝန်ရှိသူများနှင့် တောင်သူများက ကွင်းသရုပ်ပြ စုပေါင်းကြဲပက်ကြ သည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဧပြီ ၁၁**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ် များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# လူတို့၏ အသက်နှင့် အိုးအိမ်များကို ဖျက်ဆီးသော မြေငလျင်နှင့် ဆောက်လုပ်ရေးကဏ္ဍ

■ ဒေါက်တာကျော်လတ် (ဂုဏ်ထူးဆောင်ပါမောက္ခ၊ ဗိသုကာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်)

မတ် ၂၈ ရက်က မြန်မာပြည်အလယ်ပိုင်းနှင့် မြောက်ပိုင်းကိုကျော်လွန်၍ မိမိတို့အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့တွင်လည်း ဖျက်ဆီးဒုက္ခပေးခဲ့သော "မြေငလျင်" ပေါ်ပေါက်ခဲ့သဖြင့် ဆောက်လုပ်ရေးကဏ္ဍနှင့် ဆက်စပ်ပတ်သက်နေသော ဗိသုကာတစ်ဦးအနေဖြင့် နောက်နောင် မြေငလျင်ပေါ်ပေါက်လျှင် သေကျေပျက်စီးမှု လျော့ပါးရန် အဆိုပြုချက်များကို ဤဆောင်းပါးဖြင့်တင်ပြအပ်ပါသည်-

**မြေငလျင်လှုပ်မည့်အချိန်နှင့် နေရာကို ကြိုတင်တွက်ချက်နိုင်ပါသလား**

ကမ္ဘာကြီးကို အလွှာပေါင်းများစွာဖြင့် ဖွဲ့စည်းထားပြီး မိမိတို့လူများ၊ သတ္တဝါများနေထိုင်ကြသော မြေကြီး၊ မြစ်များ၊ ပင်လယ်သမုဒ္ဒရာများ၊ တောင်များရှိသော အလွှာကို Lithosphere ဟုခေါ်သည်။ မြေငလျင်လှုပ်ရသော အဓိကအကြောင်းမှာ ထိုအလွှာအောက်ရှိ Crust တွင် ရုတ်တရက် စွမ်းအင်ပေါ်ပေါက်ပြီး ထိုမှ လှိုင်းများပေါ်ထွက်၍ တုန်လှုပ်ခြင်း Sudden release of strain energy in the Earth's crust resulting in waves ကြောင့် ဖြစ်ရသည်ဟု အတိုရှင်းထားသည်ကိုဖတ်ရပါသည်။

ထို Lithosphere အလွှာသည် အထူအပါး၊ သိပ်သည်းမှု စသည်တို့ မတူကွဲပြားသည့်အပြင် အချို့သောနေရာများတွင် Fault ဟုခေါ်သော မြေအောက်အက်ကြောင်းများလည်း ရှိကြသည်။ အထက်ဖော်ပြပါ Crust သည် အချို့နေရာများတွင် မိုဘင် ၆၀ ခန့်ပင်ထူသောကြောင့် ထိုအောက်တွင် ဖြစ်ပျက်ပုံများကို သိရှိတိုင်းတာရန် မဖြစ်နိုင်ပေ။ ယနေ့ပညာရှင်များ အားကိုးအသုံးပြုနေကြသော နည်းမှာ သက်ဆိုင်သောနေရာများတွင် လွန်ခဲ့သော နှစ်ပေါင်းများစွာက ဖြစ်ပေါ်ဖူးခဲ့သော ငလျင်များကိုအခြေခံ၍ ဖြစ်ပေါ်နိုင်ခြေရှိသောအချိန်ကို မှန်းဆကြခြင်းသာဖြစ်ပါသည်။ ဥပမာ နှစ်ပေါင်း ၂၅ နှစ်၊ နှစ် ၅၀ စသည်ဖြင့် ဖြစ်ပေါ်နိုင်မည်ဟုသာ ခန့်မှန်းကြသည်။ တစ်နည်းဆိုသော် Statistical method ကိုအခြေခံခြင်းသာ ဖြစ်ပေသည်။ သို့သော် ထိုနည်းသည် Full Reliability ရာနှုန်းပြည့် အားကိုးနိုင်သော နည်းမဟုတ်သည်ကိုလည်း မိမိတို့ လက်တွေ့ပင်ဖြစ်သည်။

အထက်ပါ Statistical method ကို အခြေခံ လေ့လာပါလျှင် စစ်ကိုင်းမြို့တွင် ၂၀ ရာစုနှစ် အစပိုင်းမှစ၍ ပေါ်ပေါက်ခဲ့သော ငလျင်များသည် ၁၉၃၂ ခုနှစ်၊ ၁၉၄၆ ခုနှစ်၊ ၁၉၅၄ ခုနှစ်၊ ၁၉၅၆ ခုနှစ်၊ ၁၉၇၀ ပြည့်နှစ်၊ ၁၉၈၈ ခုနှစ်၊ ၁၉၉၁ ခုနှစ်၊ ၂၀၁၂ ခုနှစ်၊ ၂၀၁၆ ခုနှစ်နှင့် ယခု ၂၀၂၅ ခုနှစ်တို့ဖြစ်သည်။ တစ်ကြိမ်နှင့်တစ်ကြိမ် ကွာခြားသောနှစ်များကို တွက်လျှင် ၁၄ နှစ်၊ ၈ နှစ်၊ ၂နှစ်၊ ၁၄နှစ်၊ ၁၈နှစ်၊ ၇နှစ်၊ ၂၁ နှစ်၊ ၄နှစ်နှင့် ၉ နှစ်တို့ဖြစ်သောကြောင့် Statistics အရမည်သည့် Regularity ပုံမှန်စနစ်မျှမတွေ့ရှိရပေ။

စာရေးသူဖတ်ဖူး၊ ကြားဖူးသောဖြစ်နိုင်သော အခြားနည်းတစ်နည်းမှာ ပင်လယ်ရေအောက်နေငါးများလှုပ်ရှားမှုပုံစံကို လေ့လာ၍ သိနိုင်မည်လားဟု ပညာရှင်များစဉ်းစားမိကြသည်။ တိရစ္ဆာန်များဖြစ်သည့် ပုရွက်ဆိတ်များ၊ ငှက်များ၊ ခွေးများ၊ မြင်းများ စသည်တို့သည် Instinct ခေါ်သော အတွင်းအသိစိတ်ရှိတတ်ကြသည်။ ဥပမာ ပုရွက်ဆိတ်များသည် မိုးမရွာမီ အိမ်ပြောင်းလေ့ရှိကြသည်။ အမျိုးကောင်းမြင်းများသည် အန္တရာယ်ရှိသောနေရာများသို့ ခိုင်း၍မရခြင်း စသောအမူအကျင့်များအပေါ်မူတည်၍ ငါးများ၏ လှုပ်ရှားမှုပုံစံကို လေ့လာကြရန်ဖြစ်သည်။ သို့သော် ထိုသုတေသနမှာရလဒ်သည်လည်း စာရေးသူကျောင်းသားဘဝမှပင် စတင်ခဲ့သောကြောင့် လွန်ခဲ့သော ဆယ်စုနှစ်ပေါင်းများစွာအတွင်း အသုံးပြုနိုင်သော အခြေအနေမရှိခဲ့ပေ။





မန္တလေးမြို့တွင်ပင် မမှန်မကန်တည်ဆောက်ခဲ့သော အဆောက်အအုံနှင့် ကျွမ်းကျင်ပညာရှင်များနှင့် မှန်ကန်စွာ ဆောက်လုပ်ခဲ့သောကြောင့် မပျက်မစီး တည်မြဲခဲ့သော အဆောက်အအုံတို့ နှိုင်းယှဉ်ပြပုံ။ (ဤပုံတို့သည် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့နောက်ပိုင်း ရိုက်ကူးထားသော ဓာတ်ပုံများဖြစ်သည်။)

ယခုမတ်လ ၂၀၂၅ ခုနှစ်မြေငလျင်၏ Epicenter ဗဟိုသည် စစ်ကိုင်းမြို့အနီးဖြစ်သဖြင့် မိမိတို့နိုင်ငံတွင် သေကျေပျက်စီးမှုအများဆုံးဖြစ်သည်ကို လက်ခံကြရပါမည်။ သို့သော် တစ်မြို့တည်း၊ တစ်လမ်းတည်းတွင် အချို့အဆောက်အအုံများ ပြိုလဲပြီး အချို့အဆောက်အအုံများ မည်သို့ကြောင့် တည်မြဲခဲ့ကြပါသနည်း၊ သို့မဟုတ် အသေအပျောက်နည်းရပါသနည်းဆိုသော မေးခွန်းပေါ်ထွက်လာပေသည်။ ထိုမေးခွန်းအတွက် ဗိသုကာတစ်ဦးအနေဖြင့် လွယ်ကူတိကျသောအဖြေကို ဖော်ပြနိုင်ပါသည်။

ထိုလွယ်ကူ၍တိကျသောအဖြေမှာ **"တစ်မြို့တည်းရှိ အချို့သောအဆောက်အဦတို့သည် စနစ်တကျကျွမ်းကျင်သော ပညာရှင်များက ပုံစံရေးဆွဲတွက်ချက်ကြသည့်အတိုင်း တည်ဆောက်ခဲ့ကြပြီး အချို့တို့ကိုဆောက်သော ကန်ထရိုက်များသည် မှန်ကန်တတ်ကျွမ်းသောပညာရှင်များကို အသုံးမပြုဘဲ အမြတ်အစွန်းပိုက်ဆံရရေးကိုသာ အဓိကထားပြီး မမှန်မကန်ဆောက်လုပ်ရေးပစ္စည်းများဖြင့် တည်ဆောက်ခဲ့သောကြောင့်"** ဖြစ်ပါသည်။

**စနစ်တကျပုံစံရေးဆွဲတွက်ချက်ဆောက်လုပ်ခြင်း**

'စနစ်တကျပုံစံရေးဆွဲ၊ တွက်ချက်ဆောက်လုပ်ခြင်း' ဟု အထက်တွင်ဆိုခဲ့ရာ အထပ်မြင့်အဆောက်အအုံတစ်ရပ် စနစ်တကျပုံစံထုတ်တွက်ချက်ဆောက်လုပ်ပုံကို ဖော်ပြပါမည်။ ပထမ ပူးပေါင်းဆောင်ရွက်ရသော အထူးကျွမ်းကျင်ပညာရှင် Specialists များသည် (၁) Geotechnical engineer မြေကြီးခိုင်မာမှုကို စမ်းသပ်ရသော အင်ဂျင်နီယာပညာရှင်၊ (၂) Foundation specialist အဆောက်အအုံ အုတ်မြစ်အတွက်ကျွမ်းကျင်သူ အင်ဂျင်နီယာပညာရှင်၊ (၃) Structural engineer ခိုင်ခံ့မှုကို တွက်ချက်သော အင်ဂျင်နီယာပညာရှင်၊ (၄) Sanitation engineer ရေပေးရေးနှင့် ရေထုတ်စနစ်တို့ကိုစီမံသော အင်ဂျင်နီယာပညာရှင်၊ (၅) Mechnical and electrical engineer (M & E) လျှပ်စစ်နှင့်စက်ပိုင်းဆိုင်ရာ အင်ဂျင်နီယာပညာရှင်ဟူ၍ ပညာရှင်ငါးဦးခန့်ရှိပါသည်။

ဗိသုကာပညာရှင်သည် အဆောက်အဦ၏ ပုံစံကို စတင်မရေးဆွဲမီပင် တည်ဆောက်မည့်နေရာကို လေ့လာရပါသည်။ မည်သည့်ဘက်မှ ဝင်မည်၊ မည်သို့ထွက်မည်၊ နေလမ်းကြောင်း၊ လေလမ်းကြောင်းမည်သို့ရှိမည် စသည်တို့အပြင် ဘုရားစေတီပုထိုးများနှင့် အရေးကြီးအဆောက်အအုံများ အနီးပတ်ဝန်းကျင်တွင်ရှိလျှင် ထိုသည်တို့ကို လွှမ်းမိုးမှုမရှိစေရန် သင့်တော်သောအမြင့်ကို သတ်မှတ်ရပါသည်။ ထို့နောက် အဆောက်အဦပုံစံ စတင်ရေးဆွဲသည့်အခါတွင်ပင် မြေငလျင်၊ မီးလောင်ကျွမ်းမှု အစရှိသော ဘေးအန္တရာယ်များ ပေါ်ပေါက်လျှင် လုံခြုံမှုအတွက် အရေးပေါ်ထွက်ပေါက်များ Escape routes လှေကားများ၏ တည်နေရာများနှင့် အကွာအဝေး၊ လူသွားစင်္ကြံများ၏အကျယ် စသည်တို့အပြင် လူများကျန်းမာစွာနေထိုင်ရေးအတွက် အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းမွန်ရေး စသောအချက်များကို ထည့်သွင်းတွက်ချက်ပြီး ပုံစံရေးဆွဲရပါသည်။ ဗိသုကာက အထပ်မြင့်အဆောက်အအုံအတွက် ပုံစံရေးဆွဲသည့်အခါ အထက်ပါပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ကြရပါသည်။

ကျွမ်းကျင်ပညာရှင်တို့သည် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ အသိအမှတ်ပြုထားသော ဘာသာရပ်ဆိုင်ရာလိုင်စင်များ ရှိကြရပါမည်။ အဆောက်အဦ၏ပုံစံကို စတင်ရေးဆွဲရသော ဗိသုကာပညာရှင်များသည်လည်း အဆောက်အဦ၏ အရွယ်အစားနှင့် အမြင့်အပေါ်မူတည်၍ အငယ်စားဗိသုကာလိုင်စင် Jr. Architect's License၊ အကြီးစားဗိသုကာလိုင်စင် Sr. Architect's License၊ အာဆီယံနိုင်ငံများတွင် လုပ်ကိုင်ခွင့်လိုင်စင် License for ASEAN Countries စသည်ဖြင့် လိုင်စင်အဆင့်များရှိပြီး တက္ကသိုလ်မှအောင်ပြီးစ၊ အတွေ့အကြုံနည်းသေးသော ပညာရှင်များက အထပ်မြင့်နှင့် အဆောက်အဦကြီးများကို တစ်ဦးတည်း တာဝန်ခံပုံစံထုတ်ခွင့်မရှိပါ။ အဆောက်အဦ မဆောက်မီ၊ မြေကိုမတူးဆွမီပင် သက်ဆိုင်ရာ Geotechnical engineer ပညာရှင်က မြေထမ်းအား Soil bearing capacity ကိုစမ်းသပ်ရပြီး မည်သည့် Foundation system အခြေခံအုတ်မြစ်စနစ်၊ မည်သည့် Structural system တည်ဆောက်မှုစနစ် အစရှိသည်တို့ကို အထက်ပါပညာရှင်များနှင့် စုပေါင်းတိုင်ပင်သတ်မှတ်ပြီး ရေးဆွဲထားသောပုံစံများသည် A3 စာရွက်အရွယ်နှင့်အချပ် ၅၀-၁၀၀ ခန့်ရှိနိုင်ပါသည်။

အဆောက်အဦ ဆောက်လုပ်ချိန်အတွင်းတွင်လည်း အချိန်ပြည့် Site Engineer ခေါ် လုပ်ငန်းခွင်ကြီးကြပ်အင်ဂျင်နီယာများ ထားရှိရမည့်အပြင် အထက်တွင်တင်ပြသော အထူးကျွမ်းကျင်အင်ဂျင်နီယာများကလည်း လိုအပ်ချက်အတိုင်း လာရောက်စစ်ဆေးကြရပါသည်။ ဆောက်လုပ်ချိန်အတွင်း Site Engineer ခေါ် လုပ်ငန်းခွင်ကြီးကြပ်အင်ဂျင်နီယာသည် Log book ခေါ်မှတ်တမ်းများထားရှိခြင်း၊ လိုအပ်သည့်အတိုင်း Concrete test, steel test ကွန်ကရစ်၊ သံ စသည်တို့ကို စစ်ခြင်းများလည်း ပြုလုပ်ရပါသည်။ ကွန်ကရစ်ကို လောင်းကြသောအခါ ကွန်ကရစ်သည် Monolithic တစ်သားတည်း တစ်ညီတည်းဖြစ်စေရန် တစ်ဆက်တည်း မရပ်မနားဘဲ လောင်းရပါသည်။ ထိုလုပ်ငန်းသည် ကွန်ကရစ်ပမာဏပေါ်မူတည်၍ ရံဖန်ရံခါ ၂ - ၃ ရက်ပင် ညလုံးပေါက် မရပ်မနားလူးလဲပြီး လောင်းကြရပါသည်။ တက္ကသိုလ်အဆင့်ပညာရှင်များတွင် Specialization ခေါ် အထူးကျွမ်းကျင်ပညာရှင်များရှိသည့်နည်းတူ Skilled labour ကျွမ်းကျင်လုပ်သားများတွင်လည်း ပန်းရံဆရာ၊ သံချီသံကွေးဆရာ၊ ကျောက်ပုံးရိုက်ဆရာ၊ အတွင်းချောဆရာ၊ လျှပ်စစ်ဆရာ စသည်ဖြင့် ပညာရှင်ပေါင်း ၅-၆ မျိုးရှိပါသည်။

**လူတို့၏အသက်၊ အိုးအိမ်ဆုံးရှုံးရခြင်းအတွက် ပေါ်ပေါက်လာသောမေးခွန်းများ**

ဤသည်မှာ **'စနစ်တကျကျွမ်းကျင်သော အင်ဂျင်နီယာပညာရှင်များဖြင့် တည်ဆောက်သောနည်း'**ကို အကျဉ်းဖော်ပြခဲ့ခြင်းဖြစ်ပါသည်။ ယခုမိမိတို့နိုင်ငံမှ လူ့အသက်ပေါင်းများစွာနှင့် ပစ္စည်းတန်ဖိုး ကျပ်သန်းပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ရခြင်းသည် မည်သူတို့တွင် တာဝန်ရှိပါသနည်းဆိုသော မေခွန်းပေါ်ပေါက်လာပါသည်။ (၁) စာရေးသူတို့ကဲ့သို့ ဆောက်လုပ်ရေးနှင့်ပတ်သက်သော ဗိသုကာများနှင့် အင်ဂျင်နီယာများတွင် တာဝန်ရှိပါသလား။ (၂) Condominium အဆောက်အအုံကြီးများ၊ Hotel အဆောက်အအုံကြီးများ၏ ပိုင်ရှင်သူဌေးကြီးများတွင် တာဝန်ရှိပါသလား။ (၃) အထက်တွင် တင်ပြသော ကျွမ်းကျင်ပညာရှင်များကို သင့်လျော်သောအခကြေးငွေပေး၍ ကျွမ်းကျင်လုပ်သားများနှင့်စနစ်တကျတည်ဆောက်ခဲ့ကြပါသလား ဟူသောမေခွန်းများ ပေါ်ပေါက်လာပါသည်။

**ကျွမ်းကျင်ပညာရှင်များဘက်မှတင်ပြခြင်း**

မိမိတို့မြန်မာဗိသုကာနှင့် အင်ဂျင်နီယာများက ၁၉၉၉ ခုနှစ်ကပင် Myanmar Earthquake Committee (MEC)ဟုခေါ်သော **"မြန်မာနိုင်ငံလျင်ကော်မတီ"** ကို ဖွဲ့စည်းခဲ့ပါသည်။ ထိုကော်မတီ၏ ပထမဥက္ကဋ္ဌ ပါမောက္ခ ဦးညီလှငယ်ဖြစ်ပြီး

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ထို့နောက် ပါမောက္ခ ဒေါက်တာအောင်ကျော်မြတ် စသဖြင့် ဆက်လက်လုပ်ကိုင်လျက်ရှိပါသည်။

ထိုကော်မတီသည် မြန်မာတစ်ပြည်လုံးအတွက် အဆောက်အဦများဆောက်လျှင် မည်သည့်နေရာတွင် မည်မျှသောအင်အားဖြင့် မြေငလျင်သက်ရောက်နိုင်မည်ကိုဖော်ပြသော မြေပုံများနှင့် ဘာသာရပ်ဆိုင်ရာစာပေများကို ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ စာရေးသူတွင်ရှိသော ထိုအဖွဲ့မှထုတ်သော အစီရင်ခံစာများသည် ၂၀၁၁ ဇွန်လထုတ် Seismic Sources in Myanmar၊ ၂၀၁၂ မတ်လထုတ် Seismic Hazard Assessment for Myanmar တို့တွင် မြန်မာပြည်တစ်ပြည်လုံး နေရာများအတွက် ကျရောက်နိုင်မည့် မြေငလျင်အင်အားများကို ဖော်ပြခဲ့ပြီးဖြစ်သည်။ ထိုစာပေတို့သည် အထူးကျွမ်းကျင်အင်ဂျင်နီယာများအတွက် အဆောက်အအုံဒီဇိုင်းရေးဆွဲသည့်အခါ တွက်ချက်ရန်အခြေခံများဖြစ်သည်။ ထို့အပြင် ကျွမ်းကျင်ပညာရှင်များက ဆောက်လုပ်ရန်ပုံစံများ ရေးသားတွက်ချက်သည့်အခါ တူညီသောအခြေခံများရှိစေရန် Myanmar National Building Codes ကို ၂၀၁၂ ခုနှစ်မှစ၍ ရေးသားထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။

### ရန်ကုန်မြို့တွင် ကိုယ်တိုင်အတွေ့အကြုံများ

အထက်တွင် စာရေးသူက စနစ်တကျပုံစံရေးဆွဲခြင်း၊ ဆောက်လုပ်ခြင်းဆိုသည် အထူးကျွမ်းကျင်ပညာရှင်များနှင့် ကျွမ်းကျင်လုပ်သားများဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဖော်ပြခဲ့ပါသည်။ ထိုသည်ကို အရေးပေးတင်ပြရသည့်အကြောင်းမှာ အဆောက်အအုံတစ်ခုသည် လူပေါင်းများစွာ၏ အသက်နှင့် အိုးအိမ်ဥစ္စာပစ္စည်းများနှင့် ပတ်သက်လျက်ရှိပြီး 'လူသာလျှင်ပဓာန' ဆိုသည့် ခံယူချက်အတိုင်း လူ့အသက်သည် တန်ဖိုးမဖြတ်နိုင်သောကြောင့်ဖြစ်ပါသည်။ သို့သော် စာရေးသူ ရန်ကုန်မြို့တွင် ကြုံတွေ့ခဲ့သည်များမှာ အဆောက်အဦများပြိုလဲခြင်း၊ လူများသေကျေ ပျက်စီးခြင်းများသည် ဆောက်လုပ်ရေးပစ္စည်းများကို မမှန်မကန်လျှော့၍ သုံးခြင်းများနှင့် တတ်ကျွမ်းသူများနှင့် မဆောက်လုပ်ကြသောကြောင့် ဖြစ်ပါသည်။

ရန်ကုန်မြို့ရှိ များစွာသောကန်ထရိုက်တိုက်များတွင် မီးသတ်ရဲဘော်များ တတ်နိုင်ရန် Emergency stairs လှေကားများမရှိခြင်း၊ ရှိလျှင်လည်း ထိုလှေကားများသည် ရှုံး-အပြသာ တည်ဆောက်ထားပြီး လူတက်လျှင် ကျိုးကျခြင်းများနှင့်လည်း ကြုံဖူးပါသည်။ လူတို့ကျန်းမာစွာ နေထိုင်သင့်သော ပတ်ဝန်းကျင်ဖြစ်ပေါ်ရေးနှင့် ပတ်သက်လျှင်လည်း ရန်ကုန်မြို့၏ ကန်ထရိုက်တိုက်များစွာတို့၏ အိပ်ခန်းများတွင် ပြတင်းပေါက်မရှိကြပေ။ အချို့သူတို့သည် ငွေကြေးမတတ်နိုင်၍ အခန်းကျဉ်းတွင်နေကြရသည်ကို နားလည်ကြရမည်ဖြစ်သော်လည်း ကန်ထရိုက်များသည် ကျန်းမာရေးနှင့်မညီညွတ်သော တိုက်ခန်းများ မဆောက်လုပ်သင့်ပေ။

ရန်ကုန်မြို့တွင် ခိုင်ခံ့မှုမရှိသော၊ လူသားမဆန်သော၊ ကျန်းမာရေးနှင့် မကိုက်ညီသော တိုက်များ ပေါ်ပေါက်ခြင်းမှာ ဆောက်လုပ်ကြသော ကန်ထရိုက်များသည် အမြတ်အစွန်းကိုသာ အဓိကထားကြသောကြောင့်ဖြစ်သည်။ ကိုယ်တိုင်ကြုံတွေ့ခဲ့သည်မှာ များစွာသော ကန်ထရိုက်များသည် တတ်သိနားလည်သော ပညာရှင်များမပါဝင်ဘဲ တည်ဆောက်ကြသည်၊ ကွန်ကရစ်အချိုး၊ သံပမာဏစသည်တို့ကို မမှန်မကန်ဆောက်လုပ်ကြသည့်အပြင် လမ်းအကျယ်မမှန်၊ ရေနုတ်မြောင်း၊ အမှိုက်စွန့်ပစ်ရန်စနစ်မရှိ ဆောက်လုပ်ကြသဖြင့် လူသားမဆန်သောတိုက်ခန်းများနှင့် လူ့ပတ်ဝန်းကျင်များ ပေါ်ပေါက်သည်။ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပတ်သက်လျှင်လည်း မှန်ကန်သော အဖိုးအခကိုပေးပါမည်ဟု ကတိ

❖ **စာရေးသူအခံစားရဆုံး ဖြစ်ရပ်သည် 'ဘုန်းတော်ကြီးကျောင်းများ ပြိုပျက်ခြင်းတွင် သံဃာတော်များ အသက်ဆုံးရှုံးရခြင်း' ဖြစ်သည်။ မန္တလေး၊ စစ်ကိုင်း၊ အင်းဝရှိ ဘုန်းတော်ကြီးကျောင်းများသည် အုတ်နံရံကိုအခြေပြု ဆောက်လုပ်သောစနစ်၊** Load bearing structure **ဖြင့် တည်ဆောက်ကြခြင်းဖြစ်သည်။ ထို အုတ်နံရံကို အခြေပြုဆောက်လုပ်သောစနစ်သည် မြေငလျင်စိုးရိမ်ရသော မြို့ရွာများတွင် ၂ - ၃ ထပ်အထက်ပို၍ မဆောက်သင့်**

❖ **မန္တလေး၊ စစ်ကိုင်းနှင့် အချို့မြို့တို့တွင် လူများသေပျောက်၊ ပစ္စည်းများပျက်စီးဆုံးရှုံးခြင်းသည် တတ်ကျွမ်းနားလည်သော ပညာရှင်တို့ကို အသုံးမပြုခဲ့သောကြောင့်ဖြစ်**

ပေးပြီးမှ ပုံစံရလျှင် ရှောင်တိမ်းသွားသော သူဌေးကြီးများနှင့်လည်း စာရေးသူအကြိမ်များစွာကြုံဖူးပါသည်။

### နိုင်ငံခြားကိုအထင်ကြီးကြခြင်း

မိမိတို့နိုင်ငံရှိ အချို့သောသူတို့သည် နိုင်ငံခြားမှဆိုလျှင် အထင်ကြီးစိတ်များရှိကြသည်။ စာရေးသူကြုံဖူးပါသည်၊ ကန်ထရိုက်တစ်ဦးသည် နိုင်ငံခြားမှဆွဲခဲ့သော အိမ်ပုံစံတစ်ပုံကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆောက်လုပ်ခွင့်ကို ပယ်ချခံခဲ့ရသဖြင့် မိမိကအနည်းငယ်ပြင်ဆင်၍ လက်မှတ်ထိုးပေးပါရန် ပြောဆိုလာပါသည်။ မိမိလည်း မိတ်ဆွေဖြစ်သဖြင့် ထိုနိုင်ငံခြားမှဆွဲလာသောပုံကို လေ့လာကြည့်ရာ Condominium လူနေရန်တိုက်ခန်းများဖြစ်ပြီး ရှိသောမြေအကျယ်အတွင်း တိုက်ခန်းပေါင်းများစွာရရှိရေးကိုသာဦးစားပေးထားပြီး တိုက်ခန်းများတွင် ပြတင်းပေါက်များပင် မပါသည်ကိုတွေ့ရပါသည်။ ထို့ကြောင့် ရန်ကုန်မြို့တော်စည်ပင်မှ ခွင့်မပြုခဲ့သည်ကို သူကမသိပါဘဲ နိုင်ငံခြားမှဆွဲလျှင်ကောင်းရမည်ဟု ယူဆခဲ့ဟန်တူပေသည်။

အခြားသော အတွေ့အကြုံတစ်ရပ်မှာ ရန်ကုန်မြို့လယ်ကောင်တွင် နိုင်ငံခြားမှ ပုံစံရေးဆွဲပြီး နိုင်ငံခြားကုမ္ပဏီက ကြီးကြပ်ဆောက်လုပ်သော စီမံကိန်းဖြစ်သည်။ ဆောက်လုပ်ခဲ့သော အထပ်မြင့်အဆောက်အအုံသည် အနီးအနားပတ်လည်တွင် အဆောက်အဦဟောင်းများရှိသဖြင့် Driven pile ခေါ် အပေါ်မှအလေးချိန်နှင့် ရိုက်သွင်းရသောပိုင်အသုံးပြုရန် မသင့်လျော်သော်လည်း ထိုနည်းကိုအသုံးပြုခဲ့သောကြောင့် အနီးအနားအဆောက်အအုံများ ကွဲအက်ခဲ့သည်။ ထိုပျက်စီးကွဲသော အချို့သော အဆောက်အဦတို့တွင် ထိန်းသိမ်းသင့်သော ရှေးအဆောက်အဦတို့လည်း ပါဝင်သည်။

နိုင်ငံခြားပညာရှင်များကိုသာ အားကိုးခြင်းနှင့် ပတ်သက်၍ အခြားအတွေ့အကြုံမှာ ၂၀၁၂ ခုနှစ်ခန့်တွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်း မြောက်ဘက်ခြမ်းရှိ ယခင်မီးရထားရုံးချုပ်နေရာတွင် အဆောက်အအုံများ တည်ဆောက်ရန် နိုင်ငံခြားမှရေးဆွဲလာသောပုံစံအတည်ပြုရန် တင်ပြလာခဲ့သည်။ ပုံစံမှာ အထပ်မြင့်အဆောက်အအုံများဖြစ်သည်။ ထိုစဉ်က မြို့တော်ဝန် ဦးလှမြင့်လက်ထက်ဖြစ်ပြီး ပညာရှင်အဖွဲ့ရှိခဲ့သည်။ မိမိတို့ပညာရှင်အဖွဲ့က ထိုနေရာသည် မြန်မာတို့၏ အထွတ်အထိပ်ဖြစ်သော ရွှေတိဂုံစေတီတော်နှင့် နီးကပ်သောကြောင့် စေတီတော်၏ပုံရိပ်ကို လွှမ်းမိုးမည်ဖြစ်သောကြောင့် အထပ်များလျှော့စေခဲ့သည်။ ရန်ကုန်၊ မန္တလေး စသည့် မြန်မာ့မြို့များသည် မိမိတို့ယဉ်ကျေးမှုအရ မြန်မာတို့၏ ကြန်အင်လက္ခဏာရှိသည်။ ဤသည်မှာ လူမျိုးကြီးစိတ်ဓာတ်မဟုတ်ပါဘဲ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းခြင်းသာဖြစ်သည်။ ထိုအချက်များသည် ဗိသုကာပညာသင်တက္ကသိုလ်များတွင် သင်ကြားခဲ့ရသည်။ ထိုအခြေခံကိုပင် နားမလည်သောဗိသုကာပညာရှင်သည် မိမိတို့တိုင်းပြည်၏ ဗိသုကာကောင်စီတွင် လိုင်စင်မရနိုင်ပါ။ ယခု ၂၀၂၅ ခုနှစ်အတွင်း မြေငလျင်ကြီးဖြစ်ပွားရာ မိမိတို့ အိမ်နီးချင်းတိုင်းပြည်များတွင်လည်း အထပ်မြင့်အဆောက်အဦများ ပြိုလဲကြသည်။ ယင်းသည်လည်း တတ်သိနားလည်သော ပညာရှင်များဖြင့် စနစ်တကျ မဆောက်လုပ်ခဲ့ကြသောကြောင့် ဖြစ်သည်။ ထိုသည်ကိုအခြေခံ၍ 'နိုင်ငံခြားအထင်ကြီးသူများ' သင်ခန်းစာရမည်ဟု စာရေးသူဆန္ဒပြုအပ်ပါသည်။

### ၂၀၂၅ ငလျင်ဒဏ်ခံခဲ့ရသောမြို့ရွာများတွင် ပြိုပျက်ခဲ့ရသောအကြောင်းများ

ယခုလှုပ်ခဲ့သော မတ်လ ၂၀၂၅ ခုနှစ်ငလျင်နှင့် ပတ်သက်၍ ပြိုပျက်ခဲ့သော အဓိကအကြောင်းများကို အောက်ပါအတိုင်းခြုံ၍ လေးမျိုးခွဲခြားနိုင်ပါသည်။

**(၁) Soil failure အောက်ခံမြေကြီးသည် ဖိအားနှင့်တွန်းအားများကို မခံနိုင်ခြင်း။** အဆောက်အအုံ၏ အလေးချိန်ကို ထမ်းရသောမြေလွှာသည် သာမန်အချိန်များတွင် ထမ်းနိုင်သော်လည်း ငလျင်လှုပ်လျှင်သော်လည်းကောင်း၊ အခြားအကြောင်းတစ်ခုခုကြောင့် လှုပ်ရှားမှုရှိလျှင်သော်လည်းကောင်း ပြိုကျပျက်စီးခြင်းဖြစ်သည်။ မန္တလေးမြို့တွင် မြေကြီးအောက်သို့ အဆင့်ဆင့်အထပ်လိုက်ဝင်သွားရသော အဆောက်အအုံများသည် ထိုအားနည်းချက်ကြောင့်ဖြစ်သည်။ Soil bearing capacity ခေါ် မြေကြီးထမ်းအားကို ကြိုတင်မစမ်းသပ်ခြင်း၊ ကျွမ်းကျင်ပညာရှင်များကိုလည်း မတွက်ချက်စေခြင်းတို့ကြောင့်ဖြစ်သည်။

**(၂) Weak structural members အလေးကိုထမ်းရသော အစိတ်အပိုင်းများဖြစ်သော တိုင်များ၊ ထုပ်တန်းများစသည်တို့ အားနည်းခြင်း။** မန္တလေးမြို့ရှိ Sky Villa Codominium နှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ၃၃ ထပ်အဆောက်အအုံတို့သည် ထိုအားနည်းချက်ကြောင့်ဖြစ်သည်။ Sky Villa Codominium ၏ မြေညီထပ်တိုင်များသည် ၁၅ လက်မပတ်လည်သာရှိသည်။ စာရေးသူမတွက်ချက်ဘဲ ခန့်မှန်းသည်ပင် လက်မ ၃၀ ပတ်လည်ခန့်ရှိသင့်သည်၊ အရွယ်လေးဆခန့် သေးလျက်ရှိသည်။ ထိုသည်လည်း ကျွမ်းကျင်ပညာရှင်များကို မတွက်ချက်စေဘဲ ငွေအမြတ်အစွန်းရရှိရေးကိုသာ အဓိကထားသောကြောင့်ဖြစ်သည်။

**(၃) Incorrect foundation systems အုတ်မြစ်စနစ်မှားယွင်းခြင်း။** အုတ်မြစ်စနစ်များတွင် Pile foundation, Raft foundation, Box foundation စသည်ဖြင့် စနစ်များရှိသည်။ မည်သို့သောအခြေအနေတွင် မည်သို့သောစနစ်ကို အသုံးချရမည်ကို ကျွမ်းကျင်ပညာရှင်များကသာ စုပေါင်းတိုင်ပင်တွက်ချက်ရမည်ဖြစ်သည်။

**(၄) Incorrect structural systems ခိုင်ခံ့ရန် တည်ဆောက်မှုစနစ်မှားယွင်းခြင်း။** မြန်မာပြည်ရှိဆောက်လုပ်ရေးစနစ်များတွင်

(က) Timber structure သစ်သားဖြင့် ဆောက်လုပ်ခြင်း၊

(ခ) Load bearing structure အုတ်နံရံကို အခြေပြုဆောက်လုပ်သောစနစ်၊

(ဂ) Brick nogging system သစ်နှင့် အုတ်ညှပ်ဆောက်လုပ်သောစနစ်

(ဃ) Reinforced concrete frame structure သံကူကွန်ကရစ်စနစ်

(င) သံဖရိန်စနစ် Steel frame structure ဟူ၍ စနစ်များရှိကြပါသည်။

ထိုစနစ်များ ရွေးချယ်မှုမှားယွင်းခြင်းကြောင့် ပြိုပျက်ရခြင်းများ ရှိပါသည်။

ယခုငလျင်တွင် စာရေးသူအခံစားရဆုံး ဖြစ်ရပ်သည် **'ဘုန်းတော်ကြီးကျောင်းများ ပြိုပျက်ခြင်းတွင် သံဃာတော်များ အသက်ဆုံးရှုံးရခြင်း'** ဖြစ်သည်။ မန္တလေး၊ စစ်ကိုင်း၊ အင်းဝရှိ ဘုန်းတော်ကြီးကျောင်းများသည် အုတ်နံရံကို အခြေပြုဆောက်လုပ်သော စနစ် Load bearing structure ဖြင့် တည်ဆောက်ကြခြင်းဖြစ်သည်။ ထိုအုတ်နံရံကို အခြေပြုဆောက်လုပ်သော စနစ်သည် မြေငလျင်စိုးရိမ်ရသောမြို့ရွာများတွင် ၂-၃ ထပ်အထက်ပို၍ မဆောက်သင့်ပေ။ အဆောက်အဦတစ်ခုသည် ပုံမှန်အချိန်တွင် Horizontal force ခေါ် ဘေးမှတွန်းအားသည် အလွန်နည်းပြီး Vertical pressure ခေါ် အပေါ်မှ ဖိအားသည်များပါသည်။ သို့သော် ငလျင်လှုပ်သည့်အခါတွင် Horizontal forces ဘေးမှတွန်းအားများ ပေါ်ပေါက်လာပါသည်။ အုတ်နံရံများသည် ဘေးတွန်းအားကို များစွာမခံနိုင်ပါ။ ထို့ကြောင့် ယခုငလျင်တွင် မစိုးရိမ်ကျောင်းကဲ့သို့သော အုတ်တိုက်အဆောက်အဦကြီးများသည် စက္ကန့်အနည်းငယ်အတွင်း ပြိုပျက်ကြပါသည်။

**အကျဉ်းချုံးအဆိုပြုချက်များ။ Tripartite ခေါ် သုံးပွင့်ဆိုင်စနစ်**

ဤဆောင်းပါးမှ အချက်အားလုံးတို့ကို ချုံ၍ တင်ပြရပါလျှင်

(၁) မိမိတို့ပတ်ဝန်းကျင်၊ မိမိတို့မြို့ရွာများသည် မိမိတို့၏ဘဝ၊ မိမိတို့၏ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ထုတ်လျက်ရှိသည်။ မိမိတို့တွင် စက်မှုနည်းပညာမှာ များစွာမမြင့်မားသေးသော်လည်း မိမိတို့သည် ယဉ်ကျေးသောသူများဖြစ်သည်။ မိမိတို့ယဉ်ကျေးမှုအရ မိမိတို့၏ ဘုရားစေတီပုထိုးများအပေါ် အထပ်မြင့်အဆောက်အဦများဖြင့် လွှမ်းမိုးခြင်းသည် မဖြစ်အပ်ပေ။

(၂) မိမိတို့အဆောက်အဦများ ဆောက်လုပ်ကြလျှင် လူတို့၏ အသက်၊ ပစ္စည်းဥစ္စာတို့ လုံခြုံရမည့်အပြင် နေထိုင်အသုံးချသူများ၏ ကျန်းမာရေးနှင့်လည်း ကိုက်ညီရပါမည်။

(၃) ထိုသည်တို့ကို ဖြည့်ဆည်းရန်မှာ Tripartite ခေါ် သုံးဖက်သုံးပွင့်ဆိုင် စနစ်ဖြစ်သည်။ ထိုသည်မှာ (၁)ပိုင်ရှင်၊ ရင်းနှီးမြှုပ်နှံသူ Developers၊ (၂) ဗိသုကာနှင့် အင်ဂျင်နီယာပညာရှင်များ Architects and Engineering Consultants၊ (၃) ဆောက်လုပ်သူကန်ထရိုက်တာများ Construction companies တို့သည် သုံးဦးသုံးဖက် စုပေါင်းဆောင်ရွက်သင့်ကြပါသည်။ Developers ရင်းနှီးမြှုပ်နှံသူများနှင့် ဆောက်လုပ်သူ ကန်ထရိုက်တာများ Construction companies များသည် သီးခြားအဖွဲ့အစည်းများဖြစ်သင့်ပါသည်။ ယခု မန္တလေး၊ စစ်ကိုင်းနှင့် အချို့မြို့များတွင် လူများသေပျောက်၊ ပစ္စည်းများပျက်စီးဆုံးရှုံးခြင်းသည် တတ်ကျွမ်းနားလည်သော ပညာရှင်တို့ကို အသုံးမပြုခဲ့သောကြောင့်ဖြစ်သည်ကို သက်သေခံလျက်ရှိသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ယာယီနေရာချထားရေးစခန်းများရှိ ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းနှင့် မိသားစုများအား တွေ့ဆုံအားပေးစကားပြောကြား

နေပြည်တော် မေ ၁၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယာယီနေရာချထားရေးစခန်းများတွင် နေထိုင်လျက်ရှိသည့် ဝန်ကြီးဌာနမှ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းနှင့် မိသားစုများအား ယနေ့ တွေ့ဆုံအားပေးစကား ပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယာယီနေရာချထားရေးစခန်းများတွင် နေထိုင်လျက်ရှိသည့် ဝန်ထမ်းများနှင့် မိသားစုများအနေဖြင့် စုစုစည်းစည်း နေထိုင်၍ အချင်းချင်း အပြန်အလှန် ရိုင်းပင်းကူညီ ဆောင်ရွက်ကြစေလိုကြောင်း၊ ဝန်ကြီးဌာနဘက်မှလည်း လိုအပ်သည်များအား တတ်နိုင်သမျှ ကူညီထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းများ မိမိတို့၏ လုပ်ငန်းတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရေးအတွက် ဖယ်ရီကားများကိုလည်း စီစဉ်ထားရှိကြောင်း အားပေးစကား ပြောကြားပြီး ယာယီနေရာချထားရေး စခန်းများအတွင်း ဝန်ထမ်းနှင့် မိသားစုများ၏ နေထိုင်စားသောက်ရေး၊ တပ်ဆင်ပေးထားသော ရေသန့်စက်မှ သောက်သုံးရေရရှိမှု၊ လျှပ်စစ်မီးရရှိမှုနှင့် အရန်မီးစက်ထားရှိမှု အခြေအနေများ၊ ရေချိုးကန်များ၊ သန့်စင်ခန်းများ လုံလောက်စွာ အသုံးပြုနိုင်ရေး၊ စီစဉ်ပေးထားသော အမှိုက်ပုံးများတွင်သာ အမှိုက်များ စနစ်တကျ စွန့်ပစ်နိုင်ရေး အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမင်းမင်းနှင့် ဦးကျော်ရွှေထွန်းတို့ကလည်း ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများနှင့် မိသားစုများအား





အားပေးစကားများပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့်ဒုတိယဝန်ကြီးတို့က ဝန်ထမ်းတစ်ဦးလျှင် ထောက်ပံ့ငွေကျပ်တစ်သိန်းစီကို ဝန်ထမ်းများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားတက်ရောက်ပြီး ငလျင်ဘေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

နေပြည်တော် မေ ၁၁

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရာတွင် ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုကဏ္ဍများ တိုးတက်ရေးကို အထောက်အကူဖြစ်စေမည့်လုပ်ငန်းစီမံကိန်းများ အချိန်မီပြီးစီးရေး၊ အရည်



အသွေးပြည့်မီရေးနှင့် စီမံကိန်း အသုံးစရိတ်များ စနစ်တကျ ထိရောက်စွာ စီမံခန့်ခွဲနိုင်ရေး တို့ကို အလေးထား ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော် စီမံကိန်းဦးစီးရုံး ညွှန်ကြားရေးမှူး ဦးဝင်းကိုက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေး တင်ပြသည်။

ယင်းနောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များမှ လယ်ယာကဏ္ဍကြီးစီမံကိန်းရည်မှန်းချက်များကို နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနသို့လည်းကောင်း၊ အခြားကဏ္ဍကြီးများနှင့် ခရိုင်အလိုက် စီမံကိန်း ရည်မှန်းချက်များကို နေပြည်တော်ကောင်စီဝင်များက လည်းကောင်း တာဝန်ပေးအပ်ကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအပေါ် ပြန်လည်ထူထောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး ဆည်ရေသောက်စနစ်အတွင်းရှိ ထိခိုက်ပျက်စီးခဲ့သည့် တူးမြောင်းများကို အမြန်ဆုံးပြန်လည်ပြုပြင်ပြီး အပိုင်းအလိုက် စိုက်ပျိုးရေ အမြန်ဆုံးပေးဝေနိုင်ရေး၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပျိုးပင်များ ပျက်စီးမှုများအတွက် အမြန်ဆုံး ပြန်လည်ဖာထေးပေးနိုင်ရေး၊ အထွက်နှုန်းလျော့ကျမှု မရှိစေရေး၊ စိုက်ပျိုးပြီးဖြစ်သည့် သီးနှံများ ထိခိုက်ပျက်စီးမှု မရှိစေရေး၊ လယ်ကွင်းများအတွင်း စိုက်ပျိုးရေအမြန်ဆုံး ပြန်လည် ရရှိရေးတို့အတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရာဇသင်္ဂဟလမ်းနှင့် တော်ဝင်ရတနာလမ်းများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ဇမ္ဗူသီရိမြို့နယ် ရေသန့်စင်စက်ရုံ အမှတ် (၁) ရှိ မြို့ရေပေးဝေရေး ရေပိုက်လိုင်းများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် မြို့တော်ခန်းမ အဆောက်အအုံ အတွင်း၊ အပြင် ပျက်စီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးအောင်မြိုင် ပြင်းထန်သောမြေငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော နေပြည်တော်-မန္တလေး ရထားလမ်းပိုင်း၊ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)၊ စစ်ကိုင်းတံတား(အင်းဝ)၊ မန္တလေးဘူတာကြီးနှင့် မန္တလေးရှိ ဝန်ထမ်းနေအိမ်လိုင်းခန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် မေ ၈ ရက်မှ ၁၀ ရက်အထိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့မီးရထား အထွေထွေမန်နေဂျာများ၊ တိုင်းတာဝန်ခံ အရာရှိများနှင့်အတူ ပြင်းထန်သော မြေငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော နေပြည်တော် - မန္တလေး ရထားလမ်းပိုင်းရှိ ရထားလမ်းနှင့် တာပေါင်များ၊ ရထားလမ်း တံတားများ၊ ဘူတာများ၏ အခြေအနေ၊ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)၊ စစ်ကိုင်းတံတား(အင်း၀)၊ ဒီဇယ်စက်ခေါင်း စက်ရုံ(မန္တလေး)၊ မန္တလေးဘူတာကြီးနှင့် မန္တလေးမြို့ရှိ ဝန်ထမ်းနေအိမ်လိုင်းခန်းများ ပျက်စီးမှု အခြေအနေတို့ကို စစ်ဆေးသည်။

ဒုတိယ ဝန်ကြီးသည် နေပြည်တော်- မန္တလေး ရထားလမ်းပိုင်းရှိ ပြင်းထန်သော မြေငလျင်ဒဏ်ကြောင့်ပျက်စီးသွားသော ရထားလမ်းနှင့် တာပေါင်များ၊ ရထားလမ်း တံတားများ၊ ဘူတာများ၏ အခြေအနေနှင့်



ပြန်လည်ပြုပြင် ဆောင်ရွက်ထားမှု အခြေအနေ တို့ကို RBE ရထားဖြင့် လိုက်ပါစီးနင်း၍ စစ်ဆေးပြီး တံတား အဝင် / အထွက် နေရာများနှင့် ရထားလမ်းတာပေါင်ပေါ် မြေသားများအက်ကွဲ၍ တာပေါင်နိမ့်ကျခြင်းများ ဖြစ်ပေါ်ခဲ့သည့် နေရာများ၌ Level Alignment အား စနစ်တကျပြန်လည်စစ်ဆေးပြုပြင်သွားရန်၊ တာပေါင်နေရာများတွင် မြေဖို့ ဖိကြိတ်ခြင်းများ စနစ်တကျ ဆောင်ရွက်ရန်နှင့် ကွေ့နေရာများတွင် ကွေ့ဒီဂရီနှင့် Super Elevations များ မှန်ကန်မှု ရှိစေရေး စနစ်တကျစစ်ဆေးဆောင်ရွက်သွားရန်၊ တံတားကြီးများရှိ ကမ်းကပ်ခုံ၊ ရေလယ်တိုင်နှင့် သံပေါင်များအား စနစ်တကျ စစ်ဆေး၍ အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရေး စီမံဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ပြင်းထန်သော မြေငလျင်ဒဏ်ကြောင့် သံပေါင်ခုံများ ပြုတ်ကျခဲ့သည့် စစ်ကိုင်းတံတား (အင်း၀) သို့ သွားရောက်ပြီး မန္တလေးဘက် ကမ်းကပ်ခုံနှင့် မပြုတ်ကျသေးသည့် ပေ ၃၅၀ အရှည် သံပေါင်ခုံးတို့ကိုလည်းကောင်း၊ ဧရာဝတီမြစ်အတွင်း ပြုတ်ကျသွားသည့် သံပေါင်ခုံးများနှင့် ရေလယ်တိုင်များကိုလည်းကောင်း၊ စစ်ကိုင်းဘက် ကမ်းကပ်ခုံ၊ ပေ ၆၀ သံပေါင် ၆ ခု နှင့် ပေ ၂၅၀ အရှည် သံပေါင်ခုံးတို့ကိုလည်းကောင်း ကွင်းဆင်းစစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက် သင့်သည်များကို တာဝန်ရှိသူများအား ဆွေးနွေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် လူစီးတွဲနှင့်ကုန်တွဲစက်ရုံ (မြစ်ငယ်)၊ ဒီဇယ်စက်ခေါင်းစက်ရုံ (မန္တလေး)၊ မန္တလေးဘူတာကြီးနှင့် မန္တလေးမြို့ရှိ ဝန်ထမ်းနေအိမ်လိုင်းခန်းများသို့ သွားရောက်စစ်ဆေးပြီး ပြင်းထန်သော မြေငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးသွားသော အဆောက်အအုံများအား ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျ စစ်ဆေးဆောင်ရွက်သွားရန်၊ ပြန်လည်ပြုပြင် တည်ဆောက်၍ရသော အဆောက်အအုံများကို သတ်မှတ်စံချိန်စံညွှန်းများအတိုင်း ဖြစ်စေရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျတာဝန်ပေးအပ်၍ ကြပ်မတ်ဆောင်ရွက်သွားရန်၊ ပြန်လည်ပြုပြင် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ရေ/ မီး ပိုင်းဆိုင်ရာများကို စနစ်တကျ ဆောင်ရွက် ပေးသွားရန်နှင့် အန္တရာယ်ရှိသော အဆောက်အအုံများတွင် လူနေထိုင်ခြင်းများ မပြုရန်၊ ဌာနအလိုက် တာဝန်ရှိသူများကလည်း လိုအပ်သည်များ စီစဉ်ထောက်ပံ့ပေးသွားရန်နှင့် ပြန်လည်အသုံးပြုနိုင်သည့်ဆယ်တင်ပစ္စည်းများကို အလေအလွင့်မဖြစ်အောင် စနစ်တကျ ပြန်လည်အသုံးပြုသွားရန်တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း မန္တလေးမြို့ရှိ ဆေးနှင့်ဆေးပညာနှီးနွှယ် တက္ကသိုလ်များ၊ သင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် မေ ၁၁**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများရှိခဲ့သည့် မန္တလေးမြို့ရှိ ဆေးနှင့်ဆေးပညာနှီးနွှယ် တက္ကသိုလ်များတွင် သင်ကြားမှု၊ သင်ယူမှုလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ တက္ကသိုလ်နှင့် သင်တန်းကျောင်းများမှ ပါမောက္ခချုပ်များ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးများနှင့်ဗီဒီယိုကွန်ဖရင့်ဖြင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တက္ကသိုလ်များ၊ ကျောင်းများရှိ အဆောက်အအုံများ ဆက်လက်အသုံးပြုရန် သင့်မသင့်ကို သက်ဆိုင်ရာမှ အဆောက်အအုံစစ်ဆေးသည့် အင်ဂျင်နီယာအဖွဲ့များ၏ ညွှန်ကြားချက်များနှင့်အညီ စစ်ဆေးမှုခံယူပြီး ထောက်ခံချက်များ ရမှသာ လိုအပ်သလိုပြင်ဆင်၍ အသုံးပြုရမည်ဖြစ်ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ယာယီစခန်းများတွင် နေထိုင်လျက်ရှိသော ဝန်ထမ်းများ၊ သင်တန်းသားသင်တန်းသူများအတွက် မိုးမကျမီ အမိုးအကာအောက် ရောက်ရှိရေးအတွက် လိုအပ်သည့် အဆောက်အအုံများ အချိန်မီဆောက်လုပ်ပေးရန် လိုအပ်ပါကြောင်း၊ ဆေးနှင့်ဆေးပညာနှီးနွှယ် တက္ကသိုလ်များ၊ သူနာပြုနှင့် သားဖွားသင်တန်းများ အချိန်မီပြန်လည်ဖွင့်လှစ်ရေးနှင့် စာသင်ကြားမှုများ မထိခိုက်စေရန်နှင့် သင်ကြား၊ သင်ယူမှုလုပ်ငန်းများ အဆင်ပြေစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆေးရုံများတွင် တာဝန်ထမ်းဆောင်သည့် အလုပ်သင်ဆရာဝန်များ၊ သူနာပြုများ၏ သင်ကြား၊ သင်ယူမှု အဆင်ပြေစေရေး၊ နေထိုင်ရေး၊ စားသောက်ရေး၊ လုံခြုံရေးစသည်ဖြင့် အရာရာအဆင်ပြေစေရေး ညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း မှာကြားသည်။(**အောက်ဝဲပုံ**)

ယင်းနောက် သက်ဆိုင်ရာ ဆေးနှင့်ဆေးပညာ နှီးနွှယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးများက မိမိတို့ တက္ကသိုလ်အလိုက်၊ သင်တန်းကျောင်းအလိုက် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ကျန်းမာရေးဝန်ထမ်းမိသားစုများနှင့် လူနာများအတွက် ဦးအောင်ဇော်မြင့်(ဥက္ကဋ္ဌ၊ ရွှေဝါလင်းကုမ္ပဏီ)နှင့် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ သီရိပျံ့ချီ ဒေါက်တာ မြတ်မြတ်အုန်းခင်၊ ပြည်ထောင်စုဝန်ကြီး (ငြိမ်း) မိသားစုတို့က ငွေကျပ်သိန်း ၁၀၀နှင့် TTO Pharm Co.,Ltd. က ငွေကျပ်သိန်း ၃၀၀ လှူဒါန်းခြင်းကို လက်ခံသည်။

အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း မိတ္ထီလာမြို့ရှိ နိုင်ငံပိုင်ဟိုတယ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၁၁**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် မိတ္ထီလာမြို့ရှိ နိုင်ငံပိုင်ဟိုတယ်များဖြစ်သည့် မိတ္ထီလာဟိုတယ်နှင့် ပန်းလေပြည်(ဝန်ဇင်း)ဟိုတယ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာဟိုတယ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဟိုတယ်တာဝန်ရှိသူတစ်ဦးက ဟိုတယ်တိုးချဲ့ အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းအခြေအနေများ၊ တွေ့ကြုံနေရသည့်အခက်အခဲများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် စည်းမျဉ်း/စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားကာ ဟိုတယ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ရှိပန်းလေပြေ(ဝန်ဇင်း) ဟိုတယ်သို့ သွားရောက်ရာ ဟိုတယ် တာဝန်ရှိသူတစ်ဦးက လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ဟိုတယ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဟိုတယ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့်ဝန်ကြီးဌာနတို့မှ ထုတ်ပြန်ထားရှိသည့် ဥပဒေ၊ နည်းဥပဒေများ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရေး၊ ဟိုတယ်၌ လာရောက်တည်းခိုသူများနှင့် ဝန်ထမ်းများအနေဖြင့် တားမြစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးများ သုံးစွဲမှုမရှိစေရန် ကြပ်မတ်ဆောင်ရွက်ကြရေး၊ ဧည့်သည်များအား ဝန်ဆောင်မှုကောင်းများ ပေးစွမ်းနိုင်အောင် ဆောင်ရွက်ကြရေး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပေးကြေညာချက်များကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေထားရှိရေးနှင့် အရေးပေါ်အခြေအနေတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဟိုတယ်ဝန်ထမ်းများ သိရှိအောင် ကြိုတင်လေ့ကျင့်ထားကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးငလျင်ဒဏ်ခံခဲ့ရသည့် ရေသိုးရေလှောင်တမံ ပြုပြင်မွမ်းမံနေမှုအခြေအနေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် မေ ၁၀ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်ရှိ မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ရေသိုးရေလှောင်တမံ ကြွခိုင်မှုအခြေအနေနှင့် ထိခိုက်ပျက်စီးခဲ့မှုကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ရေသိုးရေလှောင်တမံ ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများနှင့် ပေတိုင် ၁၅၀ နှင့် ၆၅၀ တို့တွင် ရေထုတ်ပြွန်နှင့် အပြိုင် ကန့်လန့်အက်ကြောင်း ဖြစ်ပေါ်ခဲ့မှု၊ တမံထိပ်ပြင်ပေါ်၌ အလျားလိုက် အက်ကြောင်းများ ဖြစ်ပေါ်ခဲ့မှု အခြေအနေများနှင့် အက်ကြောင်း နေရာများကို သဲဖြည့်ခြင်းများဖြင့် ယာယီ ပြန်လည်ပြုပြင် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ထိခိုက်ပျက်စီးခဲ့သည့် နေရာများနှင့် ရေလှောင်တမံ၏ ပြောင်းလဲမှု အခြေအနေများကို အမြဲမပြတ် အသေးစိတ်တိုင်းတာ စောင့်ကြည့်စစ်ဆေးမှုများ ဆောင်ရွက်ကြရန် လိုကြောင်း၊ အက်ကြောင်းများ ဖြစ်ပေါ်ခဲ့သော နေရာများတွင် ဘူမိရူပဆိုင်ရာ စစ်ဆေးမှုများ ပြုလုပ်၍ အမြန်ဆုံး ပြင်ဆင်နိုင်ရေး စီမံဆောင်ရွက်ကြရန်လိုကြောင်း၊ ရေလှောင်တမံနှင့် ဆက်စပ် ရေအားအဆောက်အအုံများ ဘေးကင်းလုံခြုံမှုအခြေအနေ မျက်မြင်စစ်ဆေးမှု အစီရင်ခံစာပါ ညွှန်ကြားချက်များအတိုင်း လိုက်နာ ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် အုတ်တွင်းမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ သက်ဆိုင်ရာတာဝန်ရှိဝန်ထမ်းများနှင့်တွေ့ဆုံစဉ် ငလျင်လှုပ်ခတ်ပြီးနောက် ရေလှောင်တမံများ ကြွခိုင်မှုအခြေအနေနှင့် ဆက်စပ် ရေအားအဆောက်အအုံများ၊ ဆည်ရေသောက်စနစ်များ ထိခိုက်ပျက်စီးခဲ့မှုကို ယာယီ ပြန်လည်ပြုပြင် ဆောင်ရွက်ပြီး စိုက်ပျိုးရေ အမြန်ဆုံးပြန်လည်ပေးဝေနိုင်ရေးနှင့် ပတ်သက်၍ နည်းပညာပိုင်းဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၁၁- နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်၌ မေ ၁၂ ရက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာမည်ဖြစ်ကာ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# ပြည်ပနိုင်ငံများမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိ

နေပြည်တော် မေ ၁၁

**နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာမှလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးလျက်ရှိရာ သက်ဆိုင်ရာနိုင်ငံများအလိုက် ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများသည် မြန်မာနိုင်ငံသို့ နေ့ရက်အလိုက်ရောက်ရှိကြသည်။**



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ တင်ဆောင်လာသည့် Air China လေကြောင်းမှ လေယာဉ်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိသည်။

အဆိုပါလေယာဉ်ဖြင့် ခြင်ထောင်များ၊ မိုးကာစများနှင့် လူသုံးကုန်၊ စားသောက်ကုန်များ စုစုပေါင်း ၁၄၅၆၂ ထုပ်၊ ၉၀၈၉၃ ကီလိုဂရမ်ပါရှိပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိစဉ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ Economic & Commercial Counsellor ဖြစ်သူ Mr.Ou Yang Daobing နှင့် တာဝန်ရှိသူများက ကြိုဆိုလက်ခံခဲ့ကြသည်။

ဆက်လက်၍ ဘရူနိုင်းနိုင်ငံမှ ကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်လာသည့် ဘရူနိုင်းတပ်မတော်လေယာဉ်သည် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိလာရာ ယင်းလေယာဉ်ဖြင့် အထောက်အကူပြုပစ္စည်းများဖြစ်သည့် ဆိုလာမီးအိမ်များ၊ အိပ်ရာလိပ်များ၊ စောင်များ၊ မိုးကာစများ စုစုပေါင်း အလုံး ၁၀၈၀ ၊ ၂၇၄၉ ကီလိုဂရမ်ပါရှိပြီး ရန်ကုန်မြို့သို့ရောက်ရှိစဉ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ကြိုဆိုလက်ခံကြသည်။

အဆိုပါရောက်ရှိလာသည့် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ပြည်တွင်း ကုန်တင်ကုန်ချ လုပ်သားများက သက်ဆိုင်ရာ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပြီး ရန်ကုန်တိုင်းဒေသကြီး၏ ကြီးကြပ်မှုဖြင့် နေပြည်တော်သို့ ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပြည်တွင်း /ပြည်ပ အလှူရှင်များ၏ လှူဒါန်းပစ္စည်းများအား လက်ခံလွှဲပြောင်းခြင်းနှင့် ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုဝင်များ ယာယီနေထိုင်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၁**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၌ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသော ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် ပြည်တွင်း/ပြည်ပမှ အလှူရှင်များက လှူဒါန်းသော ထောက်ပံ့ငွေများနှင့် အစားအသောက်များ၊ တစ်ကိုယ်ရေသုံးပစ္စည်းများကို လက်ခံရယူပြီး ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများထံသို့ လွှဲပြောင်းဖြန့်ဝေပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် နေပြည်တော်၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနရုံး အဆောက်အအုံ ပတ်ဝန်းကျင်အနီးတွင် ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများနှင့် မိသားစုဝင်များ ယာယီနေထိုင်နိုင်ရန် မြေနေရာနှင့် ယာယီအဆောက်အအုံ ဆောက်လုပ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းများဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စနစ်တကျ ဆောင်ရွက်ကြရေး၊ အခြေခံလိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ ပြောင်းရွှေ့နေရာချထားပေးရန် ကျန်ရှိနေသေးသော ဝန်ထမ်းများနှင့် မိသားစုဝင်များအား အမြန်ဆုံးပြောင်းရွှေ့နေရာချထားပေးနိုင်ရေးအတွက် လုပ်ငန်းများကို စနစ်တကျလျင်မြန်စွာ ဆောင်ရွက်ကြရေး တာဝန်ရှိသူများအား မှာကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဝန်ကြီးဌာနရှိ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများနှင့် မိသားစုဝင်များ ယာယီနေထိုင်နိုင်ရန် နေရာချထားပေးသည့် နေရာများသို့ သွားရောက်ပြီး ဝန်ထမ်းများနှင့် မိသားစုဝင်များ နေထိုင်နေမှုအခြေအနေများကို ကြည့်ရှုကာ ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် စနစ်တကျနေထိုင်ကြရေး၊ ယာယီနေရာများတွင် နေထိုင်ရာ၌ ဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသော စည်းကမ်းချက်များနှင့်အညီ နေထိုင်ကြရေး၊ စွန့်ပစ်အညစ်အကြေးများကို စနစ်တကျ စွန့်ပစ်ကြရေးနှင့် ကျန်းမာရေး အသိသတိဖြင့် နေထိုင်ကြရေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဒေါက်တာမြတ်မြတ်အုန်းခင် အလှူငွေလာရောက်လှူဒါန်း

**နေပြည်တော် မေ ၁၁**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ကြီးကြောင့် ထိခိုက်နစ်နာဆုံးရှုံးခဲ့ရသည့် ငလျင်ဘေးဒဏ်သင့်ပြည်သူများနှင့် ဝန်ထမ်းမိသားစုများအတွက် လိုအပ်သည့် ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ပြည်တွင်း၊ ပြည်ပ အလှူရှင်များက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိကြသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဒေါက်တာမြတ်မြတ်အုန်းခင်သည် ငလျင်ဘေးဒဏ်သင့်ပြည်သူများနှင့် ဝန်ထမ်းမိသားစုများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

**သတင်းစဉ်**




◆ *ကျောဖုံးမှ*

လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့် လည်းကောင်း ယနေ့ညမှ မေ ၁၇ ရက်အထိ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

ယနေ့ညမှ ၁၇-၄-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ





မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၁**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ သောတပန်းရပ်ကွက်ရှိ သဒ္ဓမ္မပါလကျောင်းတိုက်နှင့် ဇိနောဒယပရိယတ္တိစာသင်တိုက်များသို့သွားရောက်၍ သံဃာတော်များအား အရုဏ်ဆွမ်း၊ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ကျောင်းတိုက်ဆရာတော်များအား ဖူးမြော်၍သာသနိကအဆောက်အအုံများ ပြိုကျပျက်စီးမှုအခြေအနေများနှင့် ပြည်လည်တည်ဆောက်ရေးဆောင်ရွက်နေမှု အခြေအနေများကို လျှောက်ထားကာ ဆရာတော်များထံမှ ဩဝါဒများ နာခံကြသည်။

ထို့နောက် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီအတွင်း သာသနိကအဆောက်အအုံများ၌ အပျက်အစီးဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကိုကြည့်ရှုပြီး ရန်နိုင်ရပ်ကွက်နှင့် ပါရမီရပ်ကွက်များရှိ ငလျင်ဒဏ်သင့်ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားသည်။

ယင်းနောက် စစ်ကိုင်းမြို့ သစ်ဆိပ်မြစ်ကမ်း၌ ကုန်တင်ယာဉ်ကြီးများ ဇာတ်ဆိပ်မှ ဖြတ်သန်းသွားလာမှုများ၊ ပို့တန်းရပ်ကွက်ရှိ ထူပါရုံစေတီ၊ တကောင်းရပ်ကွက်ရှိ မဟာစေတီ၊ ပန်းပဲတန်းရပ်ကွက်ရှိ ရတနာဆင်မျှားရှင်စေတီနှင့် ပါရမီရပ်ကွက်ရှိ မဟာစည်းခုံကြီးစေတီများရှိ သာသနိကအဆောက်အအုံများ၊ အရန်စေတီများ ပြိုကျပျက်စီးမှုနှင့် အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ပို့တန်းရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ယာယီကျောင်းဆောင်ဆောက်လုပ်နေမှုကို လည်းကောင်း၊ စစ်ကိုင်းမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းနှင့် သောတပန်းရပ်ကွက် သံပုဏ္ဏာရာမကျောင်းတိုက်တို့ရှိ ငလျင်ဒဏ်သင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း၊ စစ်ကိုင်းမြို့ပေါ်ရှိ ငလျင်ဘေးသင့်ပြည်သူများ သောက်သုံးရေ အဆင်ပြေစေရန်အတွက် တပ်မတော်ရေသန့်စက်ရုံမှ ဧရာဝတီမြစ်ရေကိုသန့်စင်၍ သောက်သုံးရေ ဖြန့်ဝေပေးနေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၊ နန်းမြို့ရိုးနေရာ၊ Sky Villa နေရာ၊ အောင်မြေသာစံမြို့နယ်ရှိ စန္ဒာမုနိဘုရား၊ မဟာမုနိဘုရားကြီးတို့၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်း၍ သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်တို့က သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့ပြင် ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်သည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ငလျင်ဒဏ်သင့်နေရာများရှိ အပျက်အစီးများ အမြန်ဆုံးဖယ်ရှားရှင်းလင်းရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံ၌ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ စုပေါင်းသွေးလှူဒါန်းပွဲသို့သွားရောက်၍ သွေးအလှူရှင်များနှင့် ဆေးကုသမှုခံယူနေသူများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် ကျောက်ဆည်မြို့၊ ပြည်လုံးနိုင်ဗလီ၊ ကံဦးဗလီနှင့် ဆူးလေကုန်းဗလီတို့၌ အပျက်အစီးများ ရှင်းလင်းနေမှုကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ဇီဝနည်းပညာသုတေသနဦးစီးဌာန၊ အစိုးရစက်မှုလက်မှု သိပ္ပံနှင့် ခရိုင်တရားရုံးတို့အား အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှု၊ အမှုတွဲများ စနစ်တကျထားရှိမှု၊ လုပ်ငန်းများ အဆင်ပြေစေရန် ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးပြီး ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများအား ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဆက်သွယ်ရေးလိုအပ်နေသောနေရာများတွင် အများပြည်သူအတွက် ယာယီမိုဘိုင်းဆက်သွယ်ရေးစခန်းများ၊ ယာယီရွေ့လျား ဆက်သွယ်ရေးတိုင်(Cell on Wheel, COW)များ အသုံးပြု၍ ဆက်သွယ်ရေးအဆင်ပြေအောင် ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၁**

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော အင်အားပြင်း မန္တလေးငလျင်ကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဆက်သွယ်ရေးဝန်ဆောင်မှုပေးနေသော မိုဘိုင်းဆက်သွယ်ရေးစခန်း ၂၆၀၀၀ ကျော်ရှိသည့်အနက် စခန်းပေါင်း ၆၇၃၀ ကျော် ဆက်သွယ်မှုပြတ်တောက်ခဲ့သည်။



ဆက်သွယ်မှုများ ပြန်လည်ကောင်းမွန်စေရေး အော်ပရေတာများ၏ အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့မှုကြောင့် မေ ၁၁ ရက်တွင် စခန်းပေါင်း ၆၄၀၀ ကျော်ပြန်လည်ကောင်းမွန်လာပြီး နေပြည်တော်ကောင်စီနယ်မြေရှိ မိုဘိုင်းစခန်းများ၏ ၉၈ ရာခိုင်နှုန်း၊ မန္တလေးတိုင်းဒေသကြီးရှိ မိုဘိုင်းစခန်းများ၏ ၉၄ ရာခိုင်နှုန်းကျော်၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ မိုဘိုင်းစခန်းများ၏ ၉၆ ရာခိုင်နှုန်းကျော် ဆက်သွယ်မှုများ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့အတွင်း တပ်ဆင်အသုံးပြုလျက်ရှိသော မိုဘိုင်းဆက်သွယ်ရေး စခန်းအချို့သည် အထပ်မြင့် အဆောက်အအုံများပေါ်တွင် Roof Top တာဝါများ တပ်ဆင်ထားခြင်း ဖြစ်သဖြင့် အဆောက်အအုံများ ချို့ယွင်းခြင်းကြောင့်လည်းကောင်း၊ ပြိုကျပျက်စီးခြင်းကြောင့် လည်းကောင်း ပြတ်တောက်ခဲ့ရခြင်းဖြစ်ရာ အဆိုပါမိုဘိုင်းစခန်းများကို ပြန်လည်ပြင်ဆင် ဆောင်ရွက်ရာတွင် အချိန်အတိုင်းအတာတစ်ခုအထိ အချိန်ယူဆောင်ရွက်ရမည်ဖြစ်သည်။




ထို့ကြောင့် အဆိုပါ မိုဘိုင်းစခန်းများ အနီးပတ်ဝန်းကျင်တွင် နေထိုင်ကြသော ပြည်သူများ ဆက်သွယ်ရေး အဆင်ပြေစေရန်အတွက် နေရာအခြေအနေပေါ်မူတည်၍ သစ်ပင်များတွင် ဆက်သွယ်ရေးပစ္စည်းများ တပ်ဆင်ကာ ယာယီမိုဘိုင်းဆက်သွယ်ရေးစခန်းများ ဖွင့်လှစ်ပေးခြင်း၊ ယာယီရွေ့လျား ဆက်သွယ်ရေးတိုင် (Cell on Wheel, COW) များကိုအသုံးပြု၍ ဆောင်ရွက်ပေးခြင်းတို့ဖြင့် အများပြည်သူ ဆက်သွယ်ရေး အဆင်ပြေအောင် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

အိမ်အရောက် အင်တာနက်ဝန်ဆောင်မှုပေးသည့် အိမ်သုံး/ကျောင်းသုံး/ရုံးသုံး ဖိုင်ဘာ အင်တာနက် (FTTx) များလည်း ပြတ်တောက်ခဲ့သဖြင့် FTTx ဖိုင်ဘာအင်တာနက်သုံးစွဲနေသော နေရာ တော်တော်များများတွင် ဆက်သွယ်မှုများ ပြတ်တောက်ခဲ့ရာ Internet Service Provider များက လူအင်အား ပစ္စည်းအင်အားများဖြင့် ကြိုးပမ်းဆောင်ရွက်မှုကြောင့် နေပြည်တော်နှင့် မန္တလေးမြို့အတွင်း နေရာအများစုတွင် FTTx အင်တာနက် ဝန်ဆောင်မှုများ ပြန်လည်ဆောင်ရွက်ပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ငလျင်ဒဏ်ကြောင့် ချွတ်ယွင်း ပျက်စီးသွားသော တယ်လီဖုန်းတိုင်များ၊ ဖိုင်ဘာကေဘယ်လ်ကြိုးများ ရှင်းလင်းခြင်း၊ အစားထိုး ပြုပြင်ခြင်းများကို နေပြည်တော်ရှိ ဇမ္ဗူသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့တို့တွင် ဆောင်ရွက်ခဲ့ပြီး မန္တလေးမြို့တွင်လည်း ဆက်သွယ်မှုပြတ်တောက်ခဲ့သော မိုဘိုင်းစခန်းများအား ပြုပြင်ဆောင်ရွက်လျက်ရှိပြီး အောင်မြေသာစံမြို့နယ်အတွင်းရှိ ၂၆ လမ်း၊ သင်္ဂဇာလမ်း အနောက်ဘက်ရှိ အထက (၂၁) ကူညီကယ်ဆယ်ရေးစခန်းတို့တွင် အရေးပေါ်အသုံးပြုနိုင်ရန်အတွက် မိုဘိုင်းစခန်းတစ်ခု တပ်ဆင်ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

# ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်း ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Money တို့၏ QR များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်မှခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြား မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း (Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018) သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- **SWIFT CODE – MYEBMMMY**
- **Beneficiary Name – Natural Disaster Management Fund**
- **Beneficiary A/C No–EDN–600018** သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ (မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅) လမ်း၊ ၃၄x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**































ငလျင်လှုပ်ခတ်ပါက လဲကျသွားနိုင်သည့် အန္တရာယ်မှ ကာကွယ်ရန် ထိုင်ချပါ။ ဦးခေါင်းကို ဦးစားပေး အကာအကွယ်ယူပါ။ အခိုင်အမာဆုံးနေရာကို မြဲမြံစွာ ကိုင်ထားပါ။

## ငလျင်ဘေးသင့်ဒေသ ပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၁**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတွင် မေ ၁၁ ရက် အထိ သေဆုံးသူ ၃၆၃၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၈၁၇ ဦးနှင့် ပျောက်ဆုံးသူ ၁၃၉ ဦး ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၃၁ ဦးကို ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ မေ ၁၁ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တရုတ်နိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့မှ လေယာဉ်စင်းရေသုံးစင်းတို့ဖြင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ချိန် ၁၁၄ ဒသမ ၂၃၈ တန် ဆိုက်ရောက်ခဲ့သည်။

ပြည်တွင်းပြည်ပ အလှူရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ငလျင်ဒဏ်သင့် သာသနိကအဆောက်အအုံများအတွက် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးမှ အလှူငွေပေးအပ်

**ရန်ကုန် မေ ၁၁**

မြန်မာနိုင်ငံအတွင်းရှိ ငလျင်ဒဏ်သင့်ခံခဲ့ရသော သာသနိက အဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအား လိုအပ်သလို လှူဒါန်းနိုင်ရန်အတွက် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ကျင်းပရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးမှ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမြင့်သိန်းက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူတော်ငွေ ကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဦးဇော်ဇော်ဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နီပေါနိုင်ငံမှ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ ပြန်လည်ထွက်ခွာ

**နေပြည်တော် မေ ၁၁**

မြန်မာနိုင်ငံအတွင်းရှိ ငလျင်ဘေးဒဏ်သင့်ဒေသများ၌ လူသားချင်း စာနာထောက်ထားမှုဖြင့် ကျန်းမာရေး စောင့်ရှောက်မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်ပေးခဲ့ကြသည့် နီပေါနိုင်ငံမှ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့ ၁၆ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ နီပေါနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြသည်။



အဆိုပါအဖွဲ့များကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ကျေးဇူးတင်စကားပြောကြား၍ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

အဆိုပါအဖွဲ့များသည် ငလျင်ဘေးဒဏ်သင့် ဒေသများ၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံလုပ်အားပေး ပြည်သူများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

> **ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

## ဖာပွန်မြို့နယ်၊ ကမမောင်းမြို့၌ အကြမ်းဖက်သမားများထောင်ထားသည့် ဒေသန္တရလက်လုပ်နင်းမိုင်းတစ်လုံး ပေါက်ကွဲမှုကြောင့် အပြစ်မဲ့ကလေးငယ် သုံးဦး ထိခိုက်ဒဏ်ရာရရှိ



အကြမ်းဖက်သမားများထောင်ထားသည့် ဒေသန္တရလက်လုပ်နင်းမိုင်း ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မကြယ်စင်လင်းသန့် (၁၇)နှစ်။




အကြမ်းဖက်သမားများထောင်ထားသည့် ဒေသန္တရလက်လုပ်နင်းမိုင်း ပေါက်ကွဲမှုကြောင့် ကလေးငယ် သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်တည်နေရာပြပုံ။



အကြမ်းဖက်သမားများထောင်ထားသည့် ဒေသန္တရလက်လုပ်နင်းမိုင်း ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မဇင်မြတ်နိုး (၁၂) နှစ်။



အကြမ်းဖက်သမားများထောင်ထားသည့် ဒေသန္တရလက်လုပ်နင်းမိုင်း ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မစင်သီတာသိမ့် (၁၂) နှစ်။

နေပြည်တော် မေ ၁၁

**အကြမ်းဖက်သမားများအနေဖြင့် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူများနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား ထိခိုက်သေဆုံး ဒဏ်ရာရရှိစေရန်ရည်ရွယ်ကာ အကြမ်းဖက်ဖောက်ခွဲရေး လုပ်ရပ်များလုပ်ဆောင်ခြင်း၊ အများပြည်သူသွားလာအသုံးပြုသော လမ်းမကြီးများ၊ ရထားလမ်းများ၊ ဌာနဆိုင်ရာ ရုံးအဆောက်အအုံများနှင့် လူနေအိမ်များအနီးတွင် ဖောက်ခွဲရေးပစ္စည်းကိရိယာများ တပ်ဆင်မိုင်းထောင်ဖောက်ခွဲခြင်း၊ အဝေးမှ မိုင်းထောင်ဖောက်ခွဲခြင်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။**

ထိုသို့ လုပ်ဆောင်မှုများကြောင့် မေ ၁၀ ရက် ညနေ ၅ နာရီခန့်တွင် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ ကမမောင်းမြို့၊ အမှတ်(၃)ရပ်ကွက်နေ မဇင်မြတ်နိုး (၁၂) နှစ်၊ မကြယ်စင်လင်းသန့် (၁၇) နှစ်နှင့် မစင်သီတာသိမ့် (၁၂) နှစ်တို့ သုံးဦးသည် အဆိုပါရပ်ကွက်အနီး သံလွင်မြစ်ကမ်းဘေး၌ ရေကူးရန်သွားရောက်စဉ် အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်နင်းမိုင်း တစ်လုံးအား မဇင်မြတ်နိုးက နင်းမိပေါက်ကွဲခဲ့သဖြင့် ၎င်းတို့ သုံးဦးတွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါ မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သည့် ကလေးငယ်များအား ဘားအံပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အကြမ်းဖက်သမားများ၏ စဉ်းစားဆင်ခြင်ဉာဏ်ကင်းမဲ့စွာဖြင့် အကြမ်းဖက် လုပ်ဆောင်နေမှုများကို ရပ်ကွက်/ ကျေးရွာလူထုက လွန်စွာ ရှုံ့မုန်းလျက်ရှိကြောင်း သိရှိရပြီး အကြမ်းဖက်မိုင်းထောင်သူများကို ဥပဒေနှင့်အညီ အမြန်ဆုံး ဖော်ထုတ်အရေးယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ငလျင်ဒဏ်ကြောင့် ဒဏ်ရာရရှိသူများအတွက် စေတနာရှင်အလှူရှင်များက သွေးအိတ်များပေးပို့လှူဒါန်း



**နေပြည်တော် မေ ၁၁**

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ဒဏ်ရာရရှိခဲ့သော လူနာများအတွက် ရည်ရွယ်၍ လှူဒါန်းသော သွေးအိတ်များကို သွေးဖောင်ဒေးရှင်း (ကချင်ပြည်နယ်) သို့ လွှဲပြောင်းပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ်၌ ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ သွေးဖောင်ဒေးရှင်း(ကချင်ပြည်နယ်)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ လွှဲပြောင်းလှူဒါန်းပွဲတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များ၊ လူမှုရေးပရဟိတနှင့် ကယ်ဆယ်ရေးအသင်းအဖွဲ့များ၊ ဘာသာရေးအဖွဲ့များ၊ တက္ကသိုလ်/ကောလိပ်များမှ အလှူရှင်များက ငလျင်ဒဏ်ကြောင့် ဒဏ်ရာရရှိခဲ့သည့် လူနာများအတွက် လှူဒါန်းကြပြီး မြစ်ကြီးနားပြည်သူ့ဆေးရုံကြီး၊ သွေးလှူဘဏ်ဌာန၌ စနစ်တကျစစ်ဆေးအတည်ပြုထားသည့် သွေးအိတ်ပေါင်း ၄၀၀ ကို မန္တလေးပြည်သူ့ဆေးရုံသို့ တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်နိုင်ရန် သွေးဖောင်ဒေးရှင်း (ကချင်ပြည်နယ်) မှ တာဝန်ရှိသူများထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘူတန်ဘုရင့်နိုင်ငံမှ ဆေးဘက်ဆိုင်ရာအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ ယာယီဆေးရုံ( ပေါင်းလောင်း )၌ ပူးပေါင်းပါဝင်ကုသပေးလျက်ရှိ၊ နေပြည်တော်ရှိ ဘုန်းတော်ကြီးကျောင်းများသို့လည်း ခေတ်မီအလိုအလျောက်ရေသန့်စင်စက်များနှင့် ကယ်ဆယ်ရေးပစ္စည်းများလှူဒါန်း

**နေပြည်တော် မေ ၁၁**

မြန်မာနိုင်ငံမှ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား ဆေးဝါးကုသပေးရန်အတွက် ဘူတန်ဘုရင့်နိုင်ငံ ဘုရင်မင်းမြတ်က စေလွှတ်လိုက်သော ဘူတန်နိုင်ငံ ဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ဖွင့်လှစ်ထားသည့် ယာယီဆေးရုံ (ပေါင်းလောင်း)၌ မေ ၃ ရက်မှ စတင်၍ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူကြီးများ၊ ဆရာဝန်၊ သူနာပြုများနှင့် ပူးပေါင်း၍ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား ဆေးဝါကုသပေးလျက်ရှိသည်။

အဆိုပါဘူတန်နိုင်ငံ ဆေးဘက်ဆိုင်ရာအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့တွင် ဦးနှောက်နှင့်အာရုံကြောကုသမှုဆိုင်ရာ ပါရဂူ၊ အရိုးအကြောဆိုင်ရာပါရဂူ၊ မေ့ဆေးပါရဂူ၊ ခွဲစိတ်ကုသမှုပါရဂူ၊ အရေးပေါ်ကုသမှုဆိုင်ရာ ပါရဂူတို့အပါအဝင် အဖွဲ့ဝင် ၈၇ ဦး ပါဝင်ပြီး မြေစိုက်အရေးပေါ် ခွဲစိတ်ခန်းနှစ်ခန်း တည်ဆောက်ကာ နေ့စဉ် အကြီးစားနှင့် အသေးစား ခွဲစိတ်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်ရှိ ဗုဒ္ဓရတနာပရဟိတပညာဒါန ကျောင်းတိုက်ရှိ ကျောင်းသား ကျောင်းသူ ၁၈၀၊ ယာယီ နေရပ်စွန့်ခွာနေရသူများနှင့် ငလျင်ဒဏ်သင့်အိမ်ထောင်စု ၆၉ စုမှ မိသားစုဝင် ၁၀၀ ကျော်တို့အား ကျန်းမာရေးစစ်ဆေး၍ ဆေးဝါးကုသပေးကြသည်။ ထို့ပြင် ဆေးဘက်ဆိုင်ရာအဖွဲ့သည် အဆိုပါကျောင်းတိုက်၌ ခေတ်မီရေသန့်စင်စက်နှင့် လီတာ ၂၀၀၀ ဆံ့ ရေတိုင်ကီတစ်လုံးတို့ကို တပ်ဆင်လှူဒါန်းခဲ့ပြီး ကျောင်းတိုက်ရှိ ကျောင်းသား ကျောင်းသူများတွက် ကလေးအသုံးအဆောင်ပစ္စည်းအထုပ် ၂၄၀ နှင့် အားကစားပစ္စည်းများကို လှူဒါန်းရာ ကျောင်းတိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ပညာဒီပက ဉာဏ်တော် ၁၈ လက်မရှိ ကျွန်းနက်ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဘူတန်နိုင်ငံ ဘုရင်မင်းမြတ်အတွက် အမှတ်တရ လက်ဆောင်အဖြစ် ပြန်လည်ချီးမြှင့်ခဲ့သည်။

ယင်းအပြင် ဘူတန်နိုင်ငံ ဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေး အဖွဲ့သည် ပျဉ်းမနားမြို့ရှိခေမာသီဝံပရိယတ္တိစာသင်တိုက်နှင့် မစိုးရိမ်ကျောင်းတိုက်တို့၌ ငွေကျပ်သိန်း ၄၅၀ တန်ဖိုးရှိ လျှပ်စစ်ဓာတ်အားမလိုအပ်ဘဲ တစ်နေ့လျှင် ရေလီတာ ၁၀၀၀၀ သန့်စင်ပေးနိုင်သည့် အလိုအလျောက် ရေသန့်စင်စက်နှင့် လီတာ ၂၀၀၀ ဆံ့ ရေတိုင်ကီတစ်လုံးစီတို့ကို တပ်ဆင်လှူဒါန်းပေးခဲ့ပြီး အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ တစ်ကိုယ်ရေသုံးပစ္စည်းအစုံ ၁၀၀ စီနှင့် ဆန်၊ စားသုံးဆီ၊ သကြား စသည့် လှူဖွယ်ပစ္စည်းများကိုလည်း လှူဒါန်းခဲ့ကြသည်။



ဘူတန်နိုင်ငံ ဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ နေပြည်တော်ရှိယာယီဆေးရုံ(ပေါင်းလောင်း)၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်စဉ်။

အလားတူ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ ရွေ့လျားခွဲစိတ်ယာဉ်၊ ရွေ့လျားဓာတ်မှန်ယာဉ်၊ ရွေ့လျားဓာတ်ခွဲယာဉ်တို့ဖြင့် ငလျင်ဘေးဒဏ်သင့်ပြည်သူများအား အခမဲ့ဆေးဝါးကုသပေးလျက်ရှိရာ ယနေ့အထိ ခွဲစိတ်လူနာ ၆၆ ဦးကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး နေ့စဉ်အတွင်းလူနာ ၆၀ ခန့်၊ ယနေ့အထိ ပြင်ပလူနာ ၂၆၀၀ ကျော်တို့ကို ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးဝါးကုသခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ဘူတန်နိုင်ငံ ဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ နေပြည်တော်ရှိ ယာယီဆေးရုံ (ပေါင်းလောင်း)၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်စဉ်။

# ခနုဖြူမြို့နယ်၌ ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ

**ခနုဖြူ မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ခနုဖြူမြို့နယ် ကျိုက္ကလွန်ပွန်းစေတီတော်မြတ်ကြီးအနီး ဥမ္မာဒန္တီကမ်းခြေ၌ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ဇီဝိတဒါန ငါးလွှတ်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ ဇီဝိတဒါနငါးလွှတ်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထိုက်စုကြည်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဧရာဝတီမြစ်အတွင်းသို့ ရွှေဝါငါးကြင်းကောင်ရေ ၅၀၀၀ နှင့် ငါးခုံးမကောင်ရေ ၆၀၀၀ စုစုပေါင်းကောင်ရေ ၁၁၀၀၀ ကို ဇီဝိတဒါန ငါးလွှတ်ကုသိုလ် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



## လှိုင်မြို့နယ်၌ ဗုဒ္ဓစာပေနှင့်ပညာရည်ချွန်ဆုများချီးမြှင့်

**ရန်ကုန် ဧပြီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ဗုဒ္ဓစာပေအဖွဲ့နှင့် မြို့နယ်ပညာရေးဌာနတို့ပူးပေါင်းစီစဉ်သည့် (၁၄)ကြိမ်မြောက် လှိုင်ဗုဒ္ဓစာပေနှင့်ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို လှိုင်မြို့နယ် အောင်ချမ်းသာကျောင်း မုဒ္ဓလိန္ဒာဓမ္မရိပ်သာ၌ ယမန်နေ့က ကျင်းပသည်။

အခမ်းအနားမှူးအဖြစ် ဒေါ်မို့မို့သင်း(ပတ္တမြားမြေ)နှင့် ဒေါ်ပွင့်စန္ဒီတို့က ဆောင်ရွက်ခဲ့ကြပြီး နာယကဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သိက္ခာစာရ၊ မဟာသဒ္ဓမ္မဇောတိက ဓဇဘဒ္ဒန္တနာရဒ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်စိုး၊ လှိုင်မြို့နယ် စာရေးဆရာအသင်းနာယက ဦးမင်းဆက်ပိုင်၊ ဗုဒ္ဓစာပေအဖွဲ့ဥက္ကဋ္ဌ ဦးသန်းကျော်တို့က အမှာစကားနှင့် ကျေးဇူးတင်မုဒိတာစကား ပြောကြားခဲ့ကြသည်။

ဆက်လက်၍ နွေရာသီယဉ်ကျေးလိမ္မာသင်တန်း တက်ရောက်ခဲ့သည့် ကျောင်းသား ကျောင်းသူများ ၁၆ ဦးအနက် ငါးဘာသာဂုဏ်ထူးရှင် လူရည်ချွန်တစ်ဦး၊ စာကြည့်တိုက်ဖောင်ဒေးရှင်းဆုရတစ်ဦး၊ ယဉ်ကျေးလိမ္မာနှုတ်ဖြေ Grade-1, Grade-2 မှ သားငယ်သမီးငယ် ၃၁ ဦးတို့အား နာယက ဆရာတော်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြသည်။




အခမ်းအနားသို့ လှိုင်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်ဝင်းရီနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြသည်။

**တင်ဝင်းတင်**

## ငလျင်ဘေးဒဏ်ကြောင့် ကွယ်လွန်သူများအား ရည်စူး၍ ဘာသာပေါင်းစုံ ဆုတောင်းမေတ္တာပို့သပွဲကျင်းပ



**ရန်ကုန် ဧပြီ ၁၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ သင်္ဃန်းကျွန်းခရိုင်၏စီစဉ်မှုဖြင့် ယနေ့နံနက်ပိုင်းက မြန်မာပြည် အနယ်နယ်အရပ်ရပ်မှ ငလျင်ဘေးဒဏ်ကြောင့် ကွယ်လွန်သူများအား ရည်စူး၍ ဘာသာပေါင်းစုံ ဆုတောင်းမေတ္တာပို့သပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနားကို သင်္ဃန်းကျွန်းခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း၊ ဟိန္ဒူဘုရားကျောင်း၊ ခရစ်ယာန် ဘုရားကျောင်းနှင့် အစ္စလာမ် ဝတ်ပြုဆုတောင်းကျောင်း (ဗလီ)တို့၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက အမှာစကားပြောကြားပြီး မြန်မာပြည် အနယ်နယ်အရပ်ရပ်မှ ငလျင်ဘေးဒဏ်သင့်လူနာများအတွက် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခဲ့ကြသော အလှူရှင်များအား သက်ဆိုင်ရာ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် သင်္ဃန်းကျွန်းခရိုင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးကျော်စည်သူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တက်ရောက်လာကြသူများက မိမိတို့ယုံကြည်ကိုးကွယ်ရာ ဘာသာအလိုက် မေတ္တာပို့ဆုတောင်းခဲ့ကြသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

## ဒဂုံမြို့နယ် ဗဟိုသားဖွားသင်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

**ရန်ကုန် ဧပြီ ၁၁**

ဒဂုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရန်ကုန်ဗဟို သားဖွားသင်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်ဗဟိုသားဖွားသင်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ကျောက်တံတားခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစံကျော်က အမှာစကား ပြောကြားပြီး ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ဒဂုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှဲ့လှဲ့အေးနှင့် ရန်ကုန်ဗဟိုသားဖွားသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်ဒါရှီခေါ်နူးတို့က လူငယ်စကားဝိုင်းကို ကျင်းပရာ ဦးဆောင်ဆွေးနွေးသူများအဖြစ် ဆောင်ရွက်ပြီး ရန်ကုန်ဗဟိုသားဖွားသင်တန်းကျောင်း ဘက်စုံသားဖွား ဒီပလိုမာ နှစ်နှစ်သင်တန်း၏ ဒုတိယနှစ် သင်တန်းသူ ခြောက်ဦးတို့က လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် နည်းပညာတို့ကို ဆွေးနွေးပြောကြားကြသည်။ **အောင်မြင့်(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ နွေရာသီအခြေခံတိုက်ကွမ်ဒိုသင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် ဧပြီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီအခြေခံတိုက်ကွမ်ဒိုသင်တန်းဖွင့်ပွဲကို ဧပြီ ၉ ရက်က အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း(ဗဟို)၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် အင်းစိန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရွှေယမင်းဦးက သင်တန်းနည်းပြဆရာအား အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများထံ မုန့်နှင့်အအေးများကို လိုက်လံပေးအပ်ခဲ့သည်။

အင်းစိန်မြို့နယ်အတွင်း နွေရာသီအခြေခံတိုက်ကွမ်ဒိုသင်တန်းကို ရက်သတ္တတစ်ပတ်လျှင် သုံးရက်ဖြင့် သုံးလကြာ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၆၀ ကျော် တက်ရောက်လျက်ရှိကြောင်း သိရသည်။ **ဇင်မင်းထိုက်(ပြန်/ဆက်)**



### မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်
### တန်ခူးလဆုတ် ၁ ရက်နေ့မှ ၄ ရက်နေ့အထိ
### (၂၀၂၅ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ)
### မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင်
### ယာဉ်မောင်းသူများမှ သတိပြုရန်အချက်များ

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများလိုက်နာရန်-

(က) မူးယစ်သောက်စားယာဉ်မမောင်းရ။
(ခ) အပျော်လွန်ကျူးစည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
(ဂ) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
(ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
(စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍မောင်းနှင်ခြင်း မပြုရ။
(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင် (ဗိုးတက်) မပါဘဲ မမောင်းရ။
(ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသောယာဉ်များနှင့် ပြုပြင်ဆဲ ယာဉ်များ မမောင်းရ။
(ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
(ည) ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်/ ဘေးတွဲဆိုင်ကယ်များမှ စီးနင်းခြင်း လုံးဝမပြုရ။
(ဋ) ပစ်ကပ်ယာဉ်များ (လိုက်ထရပ်/မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့် ဝန်အလေးချိန် (လူဦးရေ)ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်း မပြုရ။

၂။ ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

၃။ ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (Alcohol Tester)ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ် စက်ပျက်၍ ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။

၅။ ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် CCTV Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်း ချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးထားပြီး ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၆။ "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှု မဖြစ်ပါစေနှင့်"

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**



မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးရသူများအတွက် ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်း (လူမှုကူညီရေးအဖွဲ့)၏ ဦးဆောင်မှုဖြင့် မြို့နယ်သတင်းစာဆရာအသင်းဝင်များ စုပေါင်းလှူဒါန်းငွေကျပ်သိန်း ၅၀ ကို ဧပြီ ၁၁ ရက်က တိုင်းသတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးထွန်းရင်နှင့် အလုပ်အမှုဆောင်အဖွဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ သွားရောက်လှူဒါန်းရာ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့် လက်ခံရယူစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

**ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စက်လှေများနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၁၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၉ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က မြဝတီ–ဘားအံ–ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းအတိုင်း လှည့်လည်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်ခြောက်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းခြောက်မျိုး၊ လူသုံးကုန်ပစ္စည်းသုံးမျိုး၊ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၅၉၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus နှစ်စီး၊ Higer Bus တစ်စီး၊ Mitsubishi Fuso Bus တစ်စီး၊ Toyota Hilux နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၅၉၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွန်းစုမြို့နယ် သဲချောင်းကျေးရွာ ကျောက်သင်ပုန်းကျွန်းအနီး၌ စက်လှေတစ်စီးပေါ်မှ တရားမဝင်အခြားသစ် ၇ ဒသမ ၄၁၁ တန်နှင့် ဆက်စပ်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၈၂၂၄၀) အဆိုပါသစ်များ တင်ဆောင်လာသည့် သစ်သားကိုယ်ထည်စက်လှေတစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀) နှင့် ဘုတ်ပြင်းမြို့နယ် ထောင်ခမောက်ကျေးရွာ၌ တရားမဝင်အခြားသစ် ၂ ဒသမ ၇၅၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၆၇၁၀)တို့ကို သစ်တောဥပဒေအရလည်းကောင်း၊ ဘုတ်ပြင်းမြို့နယ် ခိုကျွန်းအနီး၌ တရားမဝင်ငါးဖမ်းရာတွင်အသုံးပြုသည့်သစ်သားကိုယ်ထည်စက်လှေသုံးစင်းနှင့် ဆက်စပ်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၆၅၀၀၀)ကို မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေအရလည်းကောင်း၊ ဘုတ်ပြင်းမြို့နယ် အောင်မင်္ဂလာရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၅၃၉၅၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပခုက္ကူမြို့ ပခုက္ကူ–ရေစကြိုလမ်းဆုံ၌





စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ မိုးညှင်းမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၃၃၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Htila Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ တောင်ကြီးမြို့သို့သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၈၁၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀၀)ကိုလည်းကောင်း ရန်ကုန်–မန္တလေးလမ်းဟောင်း စဉ့်ကိုင်မြို့အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၀၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၃၄၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း ၃၆ မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃၈၁၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဧပြီ ၁၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကလေးမြို့နယ် ပြင်သာကျေးရွာ၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀) ကိုလည်းကောင်း၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၆၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၁၅၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၇၃၃)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဧပြီ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၃၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၇၁၉၇၁၈၃) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ၂၀၂၅ ခုနှစ် ဧပြီလ ဒုတိယ (၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် ဧပြီ ၁၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၅ ရက်မှ ၈ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ၁ ရက်မှ ၄ ရက်ခန့်မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် ဧပြီလပျမ်းမျှအပူချိန်၏ ၁.၅ ဒီဂရီဆဲလ်စီးယပ်အောက် လျော့နည်းနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ဧပြီလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၃ ပေမှ ၅ ပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ ၂ ပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် ၁ ပေခွဲမှ ၂ ပေခန့်၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ ၁ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ပေဝက်ခန့်နှင့် ပဲခူးမြို့တွင် ၂ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၂ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**မိုး/ဇလ**

## မြန်မာအမျိုးသမီးများအား တရုတ်မယားအဖြစ် ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဧပြီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဖွဲ့ကပင်လမ်း ၁၀ ရပ်ကွက်နေ မတင်ဇာဦး က ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်နေ မ–––၊ ၁၉/၂၅နှစ်၊ မ––––၊ ၁၇/၂၅ နှစ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်နေ မ––––၊ ၃၁/၂၅ နှစ် တို့အား တရုတ်နိုင်ငံ၌ တရုတ်ယောကျ်ားယူပါက ငွေကျပ်သိန်း ၁၀၀ ရရှိမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့သဖြင့် ကျိုင်းတုံမြို့မရဲစခန်းက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ အရ အသီးသီးအမှုဖွင့်လှစ် တရားစွဲတင်ပို့ခဲ့သည်။

အဆိုပါအမှုအား ကျိုင်းတုံခရိုင်တရားရုံးမှ ဧပြီ ၈ ရက်တွင် တရားခံ မတင်ဇာဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ တစ်မှုလျှင် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီဖြင့် နှစ် ၂၀ စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းသိရှိရသည်။

**သတင်းစဉ်**

**အိမ်ပြင်ပဉ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**



## တပ်မတော်သားများနှင့် လုပ်အားပေးပြည်သူများအား မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ နေ့လယ်စာ လှူဒါန်း

ရန်ကုန် မေ ၁၁

မန္တလေးငလျင်ဒဏ်ခံစားခဲ့ရသည့် နေရာများတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများအား စေတနာဖြင့် ပါဝင်ဆောင်ရွက်လုပ်အားပေးနေကြသည့် တပ်မတော်သားများနှင့် ပြည်သူများကို နေ့လယ်စာ ထမင်း၊ ဟင်းထုပ် ၁၀၀၀ နှင့် ရေသန့်ဘူး ၁၀၀၀ ကိုမန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) မှ ယမန်နေ့ နံနက်က မန္တလေးမြို့အတွင်း သက်ဆိုင်ရာနေရာများသို့ သွားရောက်ပေးအပ်လှူဒါန်းသည်။ ထို့နောက် တိုင်းဒေသကြီး YMBA ဥက္ကဋ္ဌ ဦးကြည်စိန်၊ ဘဏ္ဍာရေးမှူး ဦးသန်းလွင်၊ တိုင်းအမှုဆောင်များဖြစ်ကြသော ဦးအောင်ချမ်းမင်းနှင့် ဦးမြင့်ဦး၊ ခရိုင်အမှုဆောင် ဦးညီညီ(ခေါ်) ဦးဇော်ဇော်ဌေး၊ ချမ်းမြသာစည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်ထွန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်နိုင်နှင့် အလှူရှင်များစုပေါင်း၍ မြို့သစ်အမှတ်(၄) ရပ်ကွက်သို့ အထုပ် ၂၅၀၊ ရေသန့် ၂၅၀၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက်သမိုင်းဝင် ဦးပွားဘုရားကြီး ဩဝါဒါစရိယ ဆရာတော် သံဃာတော်များနှင့် လူဦးရေ ၉၀၊ မဟာမြတ်မုနိဘုရားကြီးအတွင်း လုပ်အားပေး တပ်မတော်သား ၂၀၀ နှင့် ပြည်သူလူထု ၄၆၀ အတွက် ရေသန့်နှင့် ထမင်းဘူး စုစုပေါင်း ထမင်းထုပ် ၁၀၀၀၊ ရေသန့် ၁၀၀၀ လှူဒါန်းခဲ့ရာ မဟာမြတ်မုနိဂေါပကအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

အာကာစိုး

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ ငွေဆောင်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၁၉၈၄ ပြင်)၊ ဘူးကွဲကြီးပြင် အကွက်၊ ဦးပိုင်အမှတ်(၆၄/၁၄)၊ ဧရိယာ(၀.၁၆၅)ဧကရှိမြေကို ဒေါ်သင်းမို့မို့ဟန်အမည်ဖြင့် မြေငှားဂရန်(အသစ်) ချထားပေးပါရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်နေ့ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ ငွေဆောင်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၁၉၈၄ ပြင်)၊ ဘူးကွဲကြီးပြင် အကွက်၊ ဦးပိုင်အမှတ်(၆၄/၂၆)၊ ဧရိယာ(၀.၁၆၆)ဧကရှိမြေကို ဦးခင်မောင်ကျော်အမည်ဖြင့် မြေငှားဂရန်(အသစ်) ချထားပေးပါရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်နေ့ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ ငွေဆောင်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၁၉၈၄ ပြင်)၊ ဘူးကွဲကြီးပြင် အကွက်၊ ဦးပိုင်အမှတ်(၆၄/၃၁)၊ ဧရိယာ(၀.၁၆၆)ဧကရှိမြေကို ဒေါ်သင်းမို့မို့ဟန်အမည်ဖြင့် မြေငှားဂရန်(အသစ်) ချထားပေးပါရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်နေ့ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ပေါင်မြို့နယ်၌ ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲကျင်းပ

ပေါင် မေ ၁၁

မွန်ပြည်နယ် ပေါင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲ အခမ်းအနားကို ယမန်နေ့က ပေါင်မြို့နယ် ဇင်းကျိုက်မြို့ရှိ မင်္ဂလာကန်ကြီး၌ ကျင်းပသည်။

ထိုသို့ဇီဝိတဒါနစုပေါင်းငါးလွှတ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့နှင့် တက်ရောက်လာသူများက စုပေါင်းမေတ္တာပို့သကြပြီး ငါးဖမ်းမ၊ ရွှေဝါငါးကြင်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၅၀၀ ခန့်ကို ကုသိုလ်ယူ ဇီဝိတဒါန ဘေးမဲ့လွှတ်ပေးခဲ့ကြသည်။ **မွန်မလေး (ပြန်/ဆက်)**

## ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စက္ကူ နှင့် ပုံနှိပ်ရေးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ စက္ကူနှင့် ပုံနှိပ်ရေးပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က) စက္ကူ

| | | |
|---|---|---|
| ( ၁ ) | Woodfree (60 gsm) 28½" | 2100 MT |
| ( ၂ ) | Woodfree (70 gsm) 30" | 50 MT |
| ( ၃ ) | Woodfree (80 gsm) 30" | 50 MT |
| ( ၄ ) | Woodfree (80 gsm) 23½"x33"(A1) | 500 Ream |
| ( ၅ ) | Woodfree (70 gsm) 23½"x33"(A1) | 400 Ream |
| ( ၆ ) | Woodfree (70 gsm) 25"x37"(A1) | 100 Ream |
| ( ၇ ) | Colour Pulp Board (210 gsm)31"x43" (Pink) | 50 Ream |
| ( ၈ ) | MG Pressing(210gsm)31"x43"(Green) | 50 Ream |
| ( ၉ ) | MG Pressing(200gsm)31"x43"(Blue) | 50 Ream |
| (၁၀) | Goat Skin(160gsm) 23½"x33"(A1) | 500 Ream |
| (၁၁) | Art Card (350 gsm) 31"x43" | 100 Ream |
| (၁၂) | Max Paper(148 gsm) 25"x36" | 100 Ream |
| (၁၃) | Surface Colour (Green) (28 Lb) | 30 Ream |
| (၁၄) | Surface Colour (Blue) (28 Lb) | 30 Ream |
| (၁၅) | Under Packing Sheet 10 Thou (0.25 mm) | 80 Sheet |
| (၁၆) | Under Packing Sheet 7 Thou (0.18 mm) | 16 Sheet |
| (၁၇) | Under Packing Sheet 5 Thou (0.125 mm) | 64 Sheet |
| (၁၈) | Under Packing Sheet With Glue(0.4 mm) | 200 Sheet |
| (၁၉) | Under Packing Sheet With (0.25 mm) | 200 Sheet |

( ခ ) ပုံနှိပ်ရေးပစ္စည်း

| | | |
|---|---|---|
| ( ၁ ) | GW-2 ဆေးရည် | 2000 Liter |
| ( ၂ ) | Plate Cleaner (1 Lit/Bot) | 100 Bot |
| ( ၃ ) | Film (22") | 20 Roll |
| ( ၄ ) | Fixer (5 Lit/Bot) | 30 Bot |
| ( ၅ ) | Image Setter Film Developer(5Lit/Bot) | 30 Bot |
| ( ၆ ) | IPA ဆေးရည် | 1000 Liter |
| ( ၇ ) | Wire (24 guage) | 1000 Coil |
| ( ၈ ) | Alcolex (5 Lit/Bot) | 2000 Liter |

၂။ အိတ်ဖွင့်တင်ဒါများကို ( ၁၀ - ၅ - ၂၀၂၅ )ရက်နေ့ မှ ( ၂၄ - ၅ - ၂၀၂၅) ရက်နေ့အထိ နေ့စဉ်နံနက်(၀၉ : ၃၀)နာရီ မှ (၁၆ : ၀၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် စက္ကူတင်ဒါဖောင် ( ၁ )စောင်လျှင် ၅၀,၀၀၀/- ကျပ်နှုန်းဖြင့်လည်းကောင်း၊ ပုံနှိပ်ရေးပစ္စည်း တင်ဒါဖောင် ( ၁ )စောင်လျှင် ၁၀,၀၀၀/- ကျပ်နှုန်းဖြင့်လည်းကောင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ စက်တင်စမ်းသပ်စစ်ဆေးရန်အတွက် စက္ကူနှင့် ပုံနှိပ်ရေးပစ္စည်းနမူနာများကို (၂၅ - ၅ -၂၀၂၅) ရက်နေ့မှ (၃၁ - ၅ - ၂၀၂၅)ရက်နေ့အထိ နံနက် (၀၉ : ၃၀ )နာရီမှ ( ၁၆ : ၀၀ )နာရီ အတွင်း သတ်မှတ်နေရာများအရောက် ပေးပို့ရန် ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါများကို ( ၂ - ၆ - ၂၀၂၅ )ရက်နေ့တွင် နံနက် (၀၉ : ၃၀) နာရီမှ (၁၆:၀၀) နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိတင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်ပေးသွင်းသော တင်ဒါဖောင်များကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အိတ်ဖွင့်တင်ဒါ အာမခံကြေးအဖြစ် တင်ဒါတစ်ခုချင်းစီ၏ တင်ဒါတင်သွင်းမည့်ပစ္စည်းတန်ဖိုး၏ ( ၁% )အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင် P.G (Performance Bank Guarantee)ပြုလုပ်၍ ပေးသွင်းရမည်ဖြစ်ပါသည်။

၆။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများ ထုတ်ယူရန် လိပ်စာ**
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ် ( ၇ )၊ နေပြည်တော်
ဖုန်း ၀၆၇-၃၄၁၂၃၇၄၊
၀၆၇-၃၄၁၂၃၇၅

**တင်ဒါတင်သွင်းရန် လိပ်စာ**
ပြည်တွင်း/ပြည်ပပစ္စည်းများ
ဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ် ( ၇ )၊ နေပြည်တော်
ဖုန်း ၀၆၇-၃၄၁၂၃၇၄၊
၀၆၇-၃၄၁၂၃၇၅

## ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန ငလျင်ဒဏ်သင့်ဝန်ထမ်းများအား စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်

ရန်ကုန် မေ ၁၁

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန ငလျင်ဒဏ်သင့်ဝန်ထမ်းများအား မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (MSESF) နှင့် ပြည်တွင်းရေကြောင်းသွား ရေယာဉ်ပိုင်ရှင်များအသင်းမှ အလှူငွေပေးအပ်သည့်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် သိမ်ဖြူလမ်းရှိ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ဦးစွာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (MSESF) ဥက္ကဋ္ဌ ကပ္ပတိန်ဆန်းဦးက ငလျင်ဒဏ်သင့်ဝန်ထမ်းများအား လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ MSESF အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရေကြောင်းပို့ဆောင်




ရေးညွှန်ကြားမှုဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်ထံ အလှူငွေနှင့် အလှူပစ္စည်း တန်ဖိုးကျပ်သိန်း ၁၀၀၀ ခန့် ပေးအပ်လှူခဲ့ကြောင်း သိရသည်။

အောင်ကျော်(ပြန်/ဆက်)



ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြခြင်းကို မေ ၁၀ ရက်က ဆုစျာန် စက်သုံးဆီအရောင်းဆိုင်၌ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမင်းအောင်နှင့် တပ်ဖွဲ့ဝင်များ ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် မြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် မန္တလေးမြို့ရှိ ကောင်းဇော်ဟိန်း ကုမ္ပဏီလီမိတက်ပိုင် စက်သုံးဆီအရောင်းဆိုင် အဆောက်အအုံနှင့် စက်ပစ္စည်းများ ပြိုကျပျက်စီးမှုအတွက် လျော်ကြေးငွေကျပ် ၁၀၅၄၅၁၇၄၄၀၁ (ကျပ်သန်းပေါင်း ၁၀၅ ဒသမ ၄၅၁) ကို မြန်မာ့အာမခံလုပ်ငန်းက မေ ၁၁ ရက်တွင် ပေးအပ်စဉ်။ ၂၂၂





ရမည်းသင်းမြို့ ရွှေပြည်သာရပ်ကွက် မိုးကုတ်ဝိပဿနာကျောင်းတိုက်ရှိ ဘုရားစေတီရပ်ပွားတော် ဂန္ဓကုဋိတိုက်အတွင်း ငလျင်ဒဏ်ကြောင့်ပျက်စီးမှုများကို မေ ၁၁ ရက်က ကျေးရွာအုပ်ချုပ်ရေးမှူးဦးတင့်လွင် ဦးဆောင်၍ မိုးကုတ်ဝိပဿနာကျောင်းတိုက်အတွင်း လူအင်အား ၂၅၀၊ မြို့ကျက်သရေဆောင် မြို့လယ် ရန်အောင်မြင်ဘုရားတွင် ၄၀၀၊ ဗမကရပ်ကွက် ဗလီပျက်စီးနေမှုတွင် ၇၀ စုစုပေါင်း လူအင်အား ၇၂၀ ကုသိုလ်ယူလုပ်အားပေးကြစဉ်။

တင်ဦး

GGI NIPPON LIFE အသက်အာမခံ

## "ငလျင်သဘာဝဘေးကြောင့်ဆုံးရှုံးမှုနှင့်ပတ်သက်၍ (၂၄)နာရီ ပိတ်ရက်မရှိ ဆက်သွယ် ဆောင်ရွက်နိုင်ခြင်း"

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော ငလျင်သဘာဝဘေးကြောင့် မမျှော်လင့်ဘဲ အသက် အိုးအိမ်နှင့် အခြေခံအဆောက်အအုံ ဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ပါသည်။ ထို ငလျင်သဘာဝဘေးကြောင့် ထိခိုက်ခံစားရသူများအားလုံးနှင့် အတူ GGI Nippon Life အသက်အာမခံမှ ထပ်တူစိတ်မကောင်းခြင်းဖြင့် ဝမ်းနည်းမိပါသည်။

ငလျင်သဘာဝဘေးအန္တရာယ် ကြုံတွေ့မှုမှဖြစ်ပေါ်ခဲ့သည့် မတော်တဆမှုများနှင့် အခြားသော အာမခံ အကျိုးခံစားခွင့်များကို အမြန်ဆောင်ရွက်ပေးနိုင်ရန် GGI Nippon Life အသက်အာမခံမှ ကြိုးပမ်းဆောင်ရွက် လျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

ငလျင်သဘာဝဘေး အန္တရာယ်ကြုံတွေ့သောဒေသတွင် နေထိုင်သည့် Customer များအတွက် အာမခံ ပရီမီယံပုံမှန်ဆောင်ရွက်လျက်ရှိသည့်ရက်ကို (၆)လ တိုးမြှင့် ရွှေ့ဆိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ထို့အတူ စုငွေအသက်အာမခံထားရှိသည့် Customer များ၏ အရေးပေါ် လိုအပ်ချက်ကို ဖြည့်ဆည်းရန် အတွက် ပေါ်လစီချေးငွေထုတ်ယူနိုင်သည့် သက်တမ်းဖြစ်ပါက ချေးငွေအမြန်ထုတ်ယူနိုင်ရန်စီစဉ်ထားရှိပါသည်။

အာမခံအကျိုးခံစားခွင့်နှင့် အာမခံဝန်ဆောင်မှုများအတွက် အောက်ဖော်ပြပါ Customer Care Help Line များမှ တစ်ဆင့် ၂၄ နာရီ ပိတ်ရက်မရှိ ဆက်သွယ် ဆောင်ရွက်နိုင်ပါသည်-

ဖုန်းနံပါတ် - 09-400083003, 09-400083004, 09- 942587788, 09-664969238

လူကြီးမင်းတို့အားလုံး ဘေးကင်းလုံခြုံကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**Grand Guardian Nippon Life Insurance Co., Ltd.**

GGI TOKIO MARINE GENERAL INSURANCE

## ငလျင်အာမခံ ဆုံးရှုံးမှုနှင့်ပတ်သက်၍ (၂၄ နာရီ) ဆက်သွယ်ဆောင်ရွက်နိုင်ခြင်း

၂၈-၃-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် မွန်းလွဲ (၁၂) နာရီ (၅၁) မိနစ်ခန့်တွင် လှုပ်ခတ်ခဲ့သော ငလျင်ကြီးသည် နှစ်တစ်ရာတွင် တစ်ကြိမ်မျှ ပေါ်ပေါက်လေ့ရှိသော အင်အားပြင်းထန်သည့် မြေငလျင်ကြီး (Mega Earthquake) ဖြစ်ပါသည်။ ထိုမျှ ပြင်းထန်သော မြေငလျင်ကြီးကြောင့် လူ့အသက်ဆုံးရှုံးခြင်း၊ ခန္ဓာကိုယ်ထိခိုက်ခြင်း၊ အိုးအိမ်ပစ္စည်းဆုံးရှုံးခြင်း၊ အိုးအိမ်မဲ့ဖြစ်ခြင်းများ ကြုံတွေ့နေရသည်ကို GGI Tokio Marine General Insurance Company မှ စိတ်နှလုံးညှိုးချုံးပြီး အလွန်ဝမ်းနည်းစွာ တွေ့မြင်ခံစားရပါသည်။

ဤပျက်စီးဆုံးရှုံးမှုများအတွက် ငလျင်အန္တရာယ်အာမခံထားသူများအား ငလျင်အန္တရာယ်အာမခံနှင့် လျော်ညီသည့် လျော်ကြေးများကို အမြန်ဆောင်ရွက်နိုင်ရန် "GGI Tokio Marine General Insurance Company"၏ ဝန်ထမ်းများက ကြိုးပမ်းလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။ အာမခံထားရှိထားသော Policy Holder များ၏ အဆောက်အဦများနှင့် ပစ္စည်းများ ထိခိုက်ပျက်စီးဆုံးရှုံးမှုရှိပါက ကျွန်တော်များ အာမခံကုမ္ပဏီသို့ အမြန်ဆုံး ဆက်သွယ်ပေးကြပါရန် အထူးမေတ္တာရပ်ခံပန်ကြားအပ်ပါသည်။ လျော်ကြေးဝန်ဆောင်မှုများအား အမြန်ဆုံး ရရှိနိုင်ရန် အောက်ဖော်ပြပါ ဖုန်းနံပါတ်များကို (၂၄နာရီ) ခေါ်ဆို ဆက်သွယ် အကြောင်းကြား ဆောင်ရွက်နိုင်ပါသည်-

ဖုန်းနံပါတ် - 09-883002446,09-883002447

လူကြီးမင်းတို့အားလုံး ဘေးကင်းလုံခြုံကြပါစေဟု ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**GGI Tokio Marine General Insurance Co., Ltd.**

### ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး ထားဝယ်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊တနင်္သာရီ တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံးမှ အောက်ဖော်ပြပါတည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများကိုဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် မြန်မာနိုင်ငံသား ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်-

(က) ထားဝယ်မြို့၊ ၄ခန်းတွဲ၄ထပ် (၁၀၈၈၅ စ/ပေ)ရှိ ဝန်ထမ်းအိမ်ရာ (၁)လုံး တည်ဆောက်ခြင်း

(ခ) ထားဝယ်မြို့၊ ဝဲကျွန်းဝန်ထမ်းအိမ်ရာနှင့် ချောင်းကြား အုတ်ခြံစည်းရိုး (၁၁၀၀')နှင့် Chain Link ခြံစည်းရိုး (၂၀၀') ကာရံခြင်း

(ဂ) ထားဝယ်မြို့၊ ဝဲကျွန်းဝန်ထမ်းအိမ်ရာအတွင်း Car Stand (၁)ခုတည်ဆောက်ခြင်း

(ဃ) ထားဝယ်မြို့၊ ဝဲကျွန်းဝန်ထမ်းအိမ်ရာတွင် (၂.၆၈ဧက x ၆ပေ အမြင့်) မြေကြီးဖို့ခြင်း

(င) ထားဝယ်မြို့ ဆန်းချီဝန်ထမ်းအိမ်ရာ (၆)ခန်းတွဲ(၂)ထပ် တိုက် (၄)လုံး (အမိုး၊ အပြင် ဆေးသုတ်၊ မျက်နှာကျက်၊ရေတံလျှောက်၊ အထွေထွေ) ပြင်ဆင်ခြင်း

(စ) ထားဝယ်မြို့၊ဆန်းချီဝန်ထမ်းအိမ်ရာအတွင်း Plain Concrete လမ်းတို(၁၃၁' x ၂၀' x ၆"ထု) (၈၄' x ၁၈' x ၆"ထု)နှင့် (၈၁' x ၂၀' x ၆"ထု)၊ တိုက်(၂၄) အရှေ့ Plain Concrete (၄၆၉၀ စ/ပေ x ၆"ထု)ခင်းခြင်း

(ဆ) ဘုတ်ပြင်းမြို့ ၆ခန်းတွဲ၄ထပ်(၁၆၅၁၂ စ/ပေ)ရှိ ဝန်ထမ်းအိမ်ရာ (၁)လုံး တည်ဆောက်ခြင်း

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - ၂၃-၄-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့)မှ ၉-၅-၂၀၂၅ရက်(သောကြာနေ့) ထိ (၀၉:၃၀) နာရီမှ (၁၆:၀၀) နာရီထိ

(ခ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့် နောက်ဆုံးရက်** - ၂၆-၅-၂၀၂၅ရက် (တနင်္လာနေ့) (၁၆:၀၀)နာရီထိ

(ဂ) **တင်ဒါဖွင့်ဖောက် ကြေညာမည့်ရက်/နေရာ** - ထပ်မံအသိပေးအကြောင်းကြား သွားပါမည်

၃။ တင်ဒါလျှောက်လွှာဝယ်ယူခြင်း၊ လျှောက်လွှာတင်သွင်းခြင်းများကို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတွင် သတ်မှတ်ရက်ရုံးချိန်အတွင်း ဆောင်ရွက်နိုင်ပါသည်။ အသေးစိတ်သိရှိ လိုပါက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**ဆက်သွယ်စုံစမ်းရန် ဖုန်း--၀၅၉-၂၀၂၃၈၆၅**

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ-၁ နှင့် ၅)
ရေကြည်မြို့ နယ်တရားရုံးတော်
၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၆

ဒေါ်အိမွန်ခိုင် (တရားလို) နှင့် ဦးဝေဖြိုး (တရားပြိုင်)

ရေဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ ဂုံမင်းဆိပ်ကျေးရွာအုပ်စု၊ ကုလားဝဲကျေးရွာနေ တရားပြိုင် ဦးဝေဖြိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အိမွန်ခိုင်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၂၀၂၅ ခုနှစ်၊ ဧပြီလ ၃၀ရက် (၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားပြိုင်ဦးဝေဖြိုးသည် တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်သည် မလာရောက်ပျက်ကွက်ခဲ့လျှင် သင်၏ မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည် သို့မဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဧပြီလ ၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝင်းနေလ)
ဒုတိယမြို့နယ်တရားသူကြီး(၂)
ရေကြည်မြို့နယ်တရားရုံး

### ကန့်ကွက်နိုင်ပါကြောင်း

ညောင်လေးပင်မြို့၊ မြို့မ(၂)ရပ်ကွက်၊ ရပ်(၁၁)ဘုရားကြီးတောင်ရပ်၊ ဦးပိုင်အမှတ်(၉[ခ])၊ မြေကွက်အမှတ်(၆၈[A]) ရှိ မြေရေိယာ(၀.၀၄၀၄)ကေရှိ အရှေ့ဘက်-မြေကွက်အမှတ်(၉၉)၊ အနောက်ဘက်-မဟာဗန္ဓုလလမ်း၊ တောင်ဘက်-ဦးပိုင်အမှတ်(၉)၏ ကျန်မြေ၊ မြောက်ဘက်-ဦးပိုင်အမှတ်(၈ခ)ရှိမြေကွက်ကို ညောင်လေးပင်မြို့၊ မြို့မ(၂)ရပ်ကွက်နေ ဦးမင်းဇင်သိန်း မှ မြေငှားဂရန်အသစ် လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများရှိပါက ၂၅-၄-၂၀၂၅ရက် နောက်ဆုံးထားပြီး အောက်ဖော်ပြပါရုံးသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့**

### မွေးစားသမီးအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ရမည်းသင်းမြို့၊ ကြည်တော်ကုန်းရပ်ကွက်တွင် နေထိုင်သော ဦးဇော်ဝင်း ၉/ရမသ(နိုင်)၁၈၆၆၁၇ -ဒေါ်နွယ်နွယ်အေး ၉/ရမသ(နိုင်)၀၁၀၉၀၇တို့၏ မွေးစားသမီးဖြစ်သော မနွန်သွဲ့သွဲ့အောင် ၉/ရမသ(နိုင်)၂၂၄၆၆၃ သည် မိမိသဘောဆန္ဒအတိုင်း ထွက်ခွာသွားပြီး ခွင့်မလွှတ်နိုင်သောအပြုအမူများ ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ မွေးစားသမီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ဝင်း - ဒေါ်နွယ်နွယ်အေး**
**ဖုန်း-၀၉-၆၉၇၅၉၈၈၃၆**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ဃ/၁၆၃၂၇, Honda Wave-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထွေး ၆/ထဝန(နိုင်)၀၆၇၅၅၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းဒေသကြီး ဦးစီးမှူးရုံး (ထားဝယ်)**

### အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ဖြူးမြို့နယ်၊ ခလရ(၅)၊ ညောင်ပင်သာကျေးရွာနေ အရာခံဗိုလ် ဦးသန်းဦး ၇/ဖမန(နိုင်)၀၀၂၇၄၈ ၏အမည်မှန်မှာ ဆလိုင်းသန်းဦးဖြစ်ပြီး မွေးသက္ကရာဇ် အမှန်မှာ ၃၀-၁၀-၁၉၆၃ဖြစ်ပါကြောင်း။

**ဆလိုင်းသန်းဦး**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့၊ ပေါမိုင်းရပ်ကွက်၊ အခြေခံပညာမူလွန်ကျောင်းအမှတ်(၃)တွင် ပညာသင်ကြားနေသော Grade-6 ကျောင်းသူ မချစ်စမ်းစမ်းခိုင်၏ ဖခင်အမည်မှန်မှာ ကျောင်းထောက်ခံစာအရ ဦးလာမြာလေးဖြစ်နေပါသောကြောင့် အမည်မှန်မှာ ဦးလာလေးဖြစ်ပါကြောင်း။

**ဦးလာလေး ၁/ဝမန(နိုင်)၀၉၁၃၄၈**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၂၃၅၆၀, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇာဇာဦး ၁၀/ကထန(နိုင်)၁၂၄၂၈၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၃၄၅၃၁, HONDA DREAM 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးထွေး ၁၀/သထန(နိုင်) ၂၀၃၅၂၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

### ကန့်ကွက်နိုင်ပါကြောင်း

ညောင်လေးပင်မြို့၊ မြို့မ(၂)ရပ်ကွက်၊ ရပ်(၁၁) ဘုရားကြီးတောင်ရပ်၊ ဦးပိုင်အမှတ်(၉[က])၊ မြေကွက်အမှတ်(၆၈[A]) ရှိ မြေရေိယာ(၀.၀၅၁၄)ကေရှိ အရှေ့ဘက်-မြေကွက်အမှတ်(၉၉)၊ အနောက်ဘက်-မဟာဗန္ဓုလလမ်း၊ တောင်ဘက်-မြေကွက်အမှတ်(၆၇)/လမ်းကြား၊ မြောက်ဘက်-ဦးပိုင်အမှတ်(၉)၏ ကျန်မြေ၊ မြေကွက်ကို ညောင်လေးပင်မြို့၊ မြို့မ(၂)ရပ်ကွက်နေ ဦးစိုးတင့် မှ မြေငှားဂရန်အသစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ၂၅-၄-၂၀၂၅ရက် နောက်ဆုံးထားပြီး အောက်ဖော်ပြပါရုံးသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/ဘီ၅)၊ မြေကွက်အမှတ်-၁၇၉၊ အကျယ်အဝန်း(၀.၃၅၈)ကေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် ဒေါ်သီသီဇင်မင်းလတ် ၁၁/စတန(နိုင်)၀၅၀၂၄၃ အမည်ဖြင့် ဂရန်အမည် ပေါက်လျက်ရှိရာ ၎င်းကိုယ်တိုင်မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချခဲ့ခြင်းအပေါ် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ထွေထွေဝင်း ၉/မတလ(နိုင်)၁၉၂၂၇၄ မှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက် အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်း အဝယ်အား ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သန္တာလွင် LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၆၇)
အမှတ် ၆၄၈၊ ဦးပုည(၁)လမ်း၊ (၁၇)ရပ်ကွက်၊ ရွှေပေါက်ကံ၊
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၅၄၁၂၅၆၇

### ဖောင်းကြွနံပါတ်ပြားလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/29030 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/1263 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1F/8695 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ဟ/၄၄၅၆, Bajaj Marima Z (236cc), 3W Vehicle (Passenger) ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်း ၁၀/ပမန(နိုင်)၁၆၆၅၈၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁/ထူပါရုံ)ရပ်ကွက်၊ ထူပါရုံအရှေ့ (၉)လမ်း၊ အမှတ်(၁၃၃၀၊ က)၊ မြေညီထပ်၊ ရေလျှပ်စစ်မီး အပြည့်အစုံပါ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူဖြစ်သော ဒေါ်မြင့်မြင့်စန်း(၁၂/သကတ(နိုင်)၀၆၇၈၉၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးအောင်သူ (၁၂/ဗဟန(နိုင်)၀၉၂၄၂၈)၊ ဒေါ်ကြည်ပြာလွင် (၁၂/တမန(နိုင်)၁၀၂၅၅၂)တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** | **ဒေါ်ခင်စောသိန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ ( စဉ်–၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၄၄၃၀၂၆၁၉၉၊ ၀၉–၉၅၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဥသာမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ရာဇဓိရာဇ်လမ်း၊ အမှတ်(၁၉၈)ဟု ခေါ်တွင်သော (မျက်နှာ၁၀ အလျား၄၀ပေ x အနံ၆၀ပေ)၊ ဧရိယာအကျယ်အဝန်း(၀.၀၅၅)ဧကရှိသော ဦးဝင်းအောင်ကျော်အမည်ပေါက် နှစ် (၃၀)ဂရန်မြေအမျိုးအစား ခြံမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းလှိုင် ၁၂/လကန(နိုင်)၀၈၀၆၃၂နှင့် ဒေါ်သန်းသန်းချစ် ၁၂/လကန(နိုင်)၀၈၀၆၈၉တို့မှ ရောင်းချပိုင်ခွင့်ရှိသူ ဦးကံရိုး(ခ) ဦးဝင်းထိန် ၇/ပခန(နိုင်)၁၇၇၉၃၃ထံသို့ အရောင်းတန်ဖိုးငွေပေးချေခဲ့ပြီး အရပ်ကတိစာချုပ်ဖြင့် လက်ရောက်ရယူလက်ရှိထားနေထိုင် အသုံးပြုလျက်ရှိပါသည်။ ထို့ကြောင့် အဆိုပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်သတ္တ(၂)ပတ်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါမြေကွက်အရောင်းအဝယ်အား ဥပဒေနှင့်အညီ မှတ်ပုံတင်စာချုပ်ချုပ်ဆိုခြင်း၊ ဂရန်အမည်ပြောင်း လျှောက်ထားခြင်းကိစ္စအားဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြတ်မာလာဦး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၂၄၈)**
**အမှတ်(၉၅)၊ အုန်းပင်တန်းလမ်းမကြီး၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့၊ ဖုန်း–၀၉–၄၂၈၁၇၃၈၅၅**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၄၅

| | | |
|---|---|---|
| ဒေါ်စိုးမြတ်စန္ဒာ | **နှင့်** | ဦးတင်ထွန်း |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ရော(၁၂)လမ်း၊ အမှတ်(၆၆၈)နေ တရားပြိုင် ဦးတင်ထွန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း အိမ်နှင့်မြေအရောင်းအဝယ်ကတိစာချုပ်ကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလို"မှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ဖြစ်စေ၊ ရှေ့နေဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဧပြီလ(၂၂)ရက်၊ (၁၃၈၇ခုနှစ်၊ တန်ခူးလဆုတ် ၁၀ ရက်နေ့)၊ မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅–ခုနှစ်၊ ဧပြီလ ၁၁ ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထက်လင်းအောင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ–၂၀)
## ပဲခူးခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၂၇

| | | |
|---|---|---|
| ဦးအောင်ကျော်လွင် | **နှင့်** | တပ်ကြပ်ကြီးတင်စိုး(ငြိမ်း) |
| **တရားလို** | | **တရားပြိုင်** |

ပဲခူးမြို့၊ ဥသာမြို့သစ်၊ ရပ်ကွက်ကြီး(၅)၊ မြေတိုင်း–၁၇၊ အမှတ်–၅၇၂နေ တပ်ကြပ်ကြီးတင်စိုး(ငြိမ်း)(ယခု နေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ ဦးအောင်ကျော်လွင်က **"မြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုကြောင်း"** နှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့် ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ခုနှစ် ဧပြီလ(၂၅)ရက် (၁၃၈၇ခုနှစ်၊ တန်ခူးလဆုတ် ၁၃ ရက်)မွန်းမတည့်မီ(၁၀)နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ (၉) ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြူကြူဝင်း)**
**ခရိုင်တရားသူကြီး**
**ပဲခူးခရိုင်တရားရုံး**

## မြေစလစ် ပျောက်ဆုံးကြောင်း

မဝေဝေလွင်မာ ပိုင်ဆိုင်သော မြို့သစ် စစ်မှုထမ်းဟောင်းနယ်မြေ၊ အကွက်အမှတ်(၆၆)၏ ပိုင်ဆိုင်မှု မြေစလစ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း–09–778658584 သို့ ဆက်သွယ်ပေးပါရန်။

**မဝေဝေလွင်မာ**
**၉/မထလ(နိုင်)၂၄၀၈၄၇**

### ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၉၉၀၀၆ လက်ဝယ်ရှိသူ ဦးဇော်မြင့် ၁၀/သဖရ(နိုင်)၀၅၀၈၁၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**က.ည.န၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၉၅၅၆၂ လက်ဝယ်ရှိသူ ဦးညွန့်ကြည် ၁၀/သဖရ(နိုင်)၀၀၂၁၃၉က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**က.ည.န၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၆၆၃၉၂ လက်ဝယ်ရှိသူ ဒေါ်ယုယုဌေး ၁၀/ပမန(နိုင်)၁၆၅၅၄၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**က.ည.န၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## "ကန့်ကွက်နိုင်ပါကြောင်းကြေညာချက်"

ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၃၁)ဟုခေါ်တွင်သော ကွင်းအမှတ်၁၃A၊ ရွာဘဲအနောက်၊ ဦးပိုင်အမှတ်(၁၀၁၊ ၁၀၃)၊ မြေချိန်ဧရိယာ (၀.၀၂၅၁+၀.၀၆၅)ဧက ပိုင်ဆိုင်ခွင့် (B)၊ (မြို့မြေ)သည် ဦးကြိုင် (သား)ကိုဇော်ထွန်း၊ (သမီး)မချောကလျာထွန်းတို့က Living 9 Co, Ltd ၏ GP ရရှိသူ ဦးဝင်းကျော်ထိုက် ၁၂/ကတတ(နိုင်)၀၂၈၈၇၄အား အရောင်းအဝယ်စာချုပ်မှတ်ပုံတင်အမှတ်(၀၃၅/ ၂၀၂၁)ဖြင့် စာချုပ်ကို (၂၁–၆–၂၀၂၁)ရက်တွင် ချုပ်ဆိုဝယ်ယူခဲ့ပြီးဖြစ်ပါသည်။

ဖျာပုံခရိုင်၊ ဖျာပုံမြို့၊ ဒုတိယလမ်း၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ် (E-2/ မကျီးတန်း)၊ ဦးပိုင်အမှတ်(၁၄)၊ ဧရိယာ ၀ ဒသမ ၀၂၉ဧက ရှိမြေကွက်အား ဦးအောင်မင်း ၁၄/ဖပန(နိုင်)၀၉၀၁၃၁၊ ဦးရဲဝင့်နိုင် ၁၄/ဖပန(နိုင်)၀၉၆၉၉၃၊ ဦးစိန်အောင် (ခ) ဦးအောင်လင်း ၁၄/ဖပန(ဧည့်)၀၀၀၀၉၄၊ ဦးစိုးမင်းထွန်း ၁၄/ဖပန(နိုင်)၀၉၀၁၀၂၊ ဦးသက်လှိုင်စိုး ၁၄/ဖပန(နိုင်)၀၉၃၂၂၆တို့မှ (ကွမ်ရင် စီဗုဒ္ဓဘာသာမုနိဘုံကျောင်း) အမည်ဖြင့် မြေငှားဂရန်လျှောက်ထားမှုအပေါ် ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခု ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက် နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖျာပုံမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ဂရုဏာ (၂)လမ်း၊ အမှတ်(၆၄၁/က)ဟု ခေါ်တွင်သော ပေ၂၀xအနံ ပေ၆၀အကျယ်ရှိ မြေကွက်နှင့် နေအိမ်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီးအပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ် အားလုံးတို့အား ဒေါ်ခင်သန်းအေး ၁၂/လမန (နိုင်)၀၅၉၄၉၀ က လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထက်ထက်အောင် ၁၄/ပသန(နိုင်) ၁၉၄၉၆၆ က ဝယ်ယူရန် ရောင်းဖိုးငွေ ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မည်သည့် ကန့်ကွက် ချက်ကိုမျှ လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် ကျန်ငွေများကို အပြေအကျေပေးချေ၍ မြေကွက်အား လက်ရောက်ရယူ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေမြတ်နိုး တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၈၆၀)**
**အမှတ်(၄/၁၈၅)၊ အောင်မင်္ဂလာကျောင်းလမ်း၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၈၈၃၃၂၁၀၂၀**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်မှ ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာ၊ ဘိလပ်မြေ၊စက်သုံးဆီနှင့် ခွဲကျောက်ရွယ်စုံ စသည့် လုပ်ငန်းသုံးပစ္စည်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်/အချိန်** - (၂၈-၄-၂၀၂၅) ရက်၊ (၀၉:၃၀) နာရီ
**တင်ဒါလျှောက်လွှာပုံစံ အရောင်းပိတ်မည့်ရက်/အချိန်** - (၅-၅-၂၀၂၅) ရက်၊ (၁၄:၀၀) နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့် ရက်/အချိန်/နေရာ** - (၈-၅-၂၀၂၅) ရက်၊ (၉:၃၀)နာရီ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး လမ်းဦးစီးဌာန၊ အောင်လံခရိုင်၊ အောင်လံမြို့

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ခရိုင်လက်ထောက် ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ အောင်လံမြို့၊ ဖုန်း-၀၆၉-၂၂၀၁၅၆၈၊ ၀၉-၄၂၈၀၀၆၀၈၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/သဲကျွန်း အနောက်)ရပ်၊ လူနေရပ်ကွက်အမှတ် - သဲကျွန်းကွက်သစ်၊ ဦးပိုင်မြေကွက် အမှတ် ဥသ-၁၀၀၆၊ အကျယ်အဝန်း (အလျား ၈၀ ပေ x အနံ ၈၀ ပေ)၊ ဧရိယာ ၀ ဒသမ ၁၄၆ဧကရှိ အငှားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးခင်မောင်စီ ၉/မရမ (နိုင်)၀၄၈၁၁၆ ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား မူရင်း များဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးစီးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးနန္ဒာဝင်း (LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၂၆/၂၀၁၄)**
**အမှတ် (၁၀/၁၂)၊ (၁၀၃/E)၊ ၃၅-လမ်း(ပထမထပ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း -၀၉-၇၉၄၁၇၇၁၇၂ ၊ ၀၉-၄၃၀၂၈၅၈၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/9835 TVS ROCKZ 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယုယုနိုင် ၁၄/ဖပန(နိုင်) ၀၀၀၉၆၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7R/4461 Dong Feng ယာဉ်လက်ဝယ်ရှိသူ ဦးထိန်မြင့် ၅/မရန(နိုင်)၁၇၁၀၈၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၇၂

ဦးအောင်စိုး (တရားလို) နှင့် ဦးညီညီမောင် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးတောင် ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ်(၃၂၉/က)နေ တရားပြိုင် ဦးညီညီမောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလိုက "ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေ ပါစေ၍ ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မေလ ၉ ရက် (၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်) မွန်းမတည့်မီ နံနက် ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက် ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက် ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြမြဦး)**
**ခရိုင်တရားသူကြီး**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/33064 Honda Wave 100 ယာဉ်လက်ဝယ် ရှိသူ ဦးတင်သန်း ၁၄/ဘကလ (နိုင်) ၁၉၅၁၀၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/47685 Honda Wave 110 ယာဉ်လက်ဝယ် ရှိသူ ဦးနေအောင် ၁၄/ညတန(နိုင်) ၁၆၄၃၁၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်)မအူပင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/79726 Honda Wave 110 ယာဉ်လက်ဝယ် ရှိသူ ဦးသက်ပိုင်ဦး ၁၄/ဖပန(နိုင်) ၂၀၀၆၆၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်)မအူပင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/3051 TUN Light Truck ယာဉ်လက်ဝယ်ရှိသူ ဦးဗန်ဖွဲလျှန် ၅/ကလထ(နိုင်) ၀၅၉၅၆၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်ကျော်သူ ၁၂/မဂဒ(နိုင်)၀၀၀၆၆၆ ပိုင်ဆိုင်သော 6E/5326 ယာဉ်၏ CNG ဝယ်ယူခွင့် စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၄၀၇၄၂၉**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပုသိမ်ကြီးမြို့နယ်၊ သလဲကုန်း အခြေခံပညာမူလတန်းကျောင်းတွင် ဒုတိယမူလတန်းပြတာဝန်ထမ်းဆောင် လျက်ရှိသော ဒေါ်ထက်ထက်အောင် ၉/ပသက(နိုင်)၁၀၇၅၉၆ ၏ ဖခင် အမည်မှန်မှာ ဦးဘုန်းမြင့်ဦး (ခ) ဦးမြဝင်းအောင်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးဘုန်းမြင့်ဦး(ခ)ဦးမြဝင်းအောင်**
**၉/ပသက(နိုင်)၀၂၈၁၆၂**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေပုဒ်မအမိန့်-၅၊ နည်းဥပဒေ-၂၀)
## သဃ်န်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၉၇

ဦးကျော်မင်းထွန်း နှင့် ၁။ ဦးသန်းအောင်
၂။ ဒေါ်တင်တင်အောင်
တရားလို တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ လမ်း(၃၀)၊ အမှတ်၉၁၁နေ တရားပြိုင် ဦးသန်းအောင်နှင့်ဒေါ်တင်တင်အောင် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးကျော်မင်းထွန်းက ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည် ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေ နှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မေလ ၉ ရက်(၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၃ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည် ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့၏ မျက်ကွယ်တွင် ငြင်းချက်များ ကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်း များနှင့် သင်တို့ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည် တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ (သို့မဟုတ်) သင်တို့ကိုယ်စားလှယ် ရှေ့နေ လက်တွင်ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်နွယ်အောင်)
ဒုတိယခရိုင်တရားသူကြီး(၄)
သဃ်န်းကျွန်းခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (သကမ-၁၄)၊ မြေကွက်အမှတ်(၈၂၀/က)+ (၈၂၀/ခ)၊ မြေကွက် (၂)ကွက်၊ အကျယ်အဝန်း(၄၀x ၆၀)၊ (၂၄၀၀)စတုရန်းပေရှိ (အရပ်အခေါ် အမှတ် (၈၂၀/က)+(၈၂၀/ခ)၊ တောင်ငူလမ်း၊ ၁၅ ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်) ဟုခေါ်တွင်သော ဦးတင်ဝင်း ၁၂/မရက(နိုင်)၀၂၇၁၁၄ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်ဖြင့် ဥပဒေနှင့်အညီ ဝယ်ယူပိုင်ဆိုင် ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါ ကြောင်း ဝန်ခံကတိပြုသူ ဦးရဲလွင် ၁၂/လသယ(နိုင်)၀၄၄၉၄၆ ထံမှ ကျွန်ုပ်၏ မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ သည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထက်ပါ မြေကွက်(၂)ကွက်နှင့် ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများ၊ စာရွက် စာတမ်းမူရင်းများ၊ ပါမစ်/ဂရန်မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ရွှေဇင်အိ(LL.B, D.B.L,D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၉၂/၂၀၂၃)
တိုက်-၃၉၀/၄၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း - ၀၉-၄၂၀၀၉၇၀၇၃

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၄/ရွှေပေါက်ကံ)၊ မြေကွက်အမှတ်- (၆၄၅)၊ အကျယ်အဝန်း(၄၀ x ၆၀) ပေရှိ (အရပ်အခေါ် အမှတ်(၆၄၅)၊ အင်းဝလမ်း၊ ၁၄-ရပ်ကွက်၊ ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ်)ဟု ခေါ်တွင်သော နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အဆောက်အအုံ အပါအဝင် ရေ+မီးစုံ အကျိုးခံစားခွင့် အရပ်ရပ် အားလုံး တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာန၊ မြို့မြေစာရင်းတွင် မိမိတစ်ဦးတည်းအမည်ပေါက်ဖြင့် ပိုင်ဆိုင်ထားပြီး ဥပဒေနှင့်အညီ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဒေါ်အိအိချစ် ၁၂/ဥကမ(နိုင်)၁၇၉၈၀၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထက်ပါမြေကွက်နှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထား စာချုပ်/ စာရွက် စာတမ်းမူရင်း၊ ပါမစ်/ဂရန် မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်း အဝယ် ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ရွှေဇင်အိ(LL.B, D.B.L,D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၉၂/၂၀၂၃)
တိုက်-၃၉၀/၄၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း - ၀၉-၄၂၀၀၉၇၀၇၃

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ်(၁)လမ်း၊ အမှတ်(၇/ခ)ပေါ်တွင် ဆောက်လုပ်ထားသော တိုက်အဆောက်အအုံ၏ (၄)လွှာ (ခြေရင်းခန်း)၊ အခန်းအကျယ်အဝန်း(၁၂ဒသမ ၅x ၄၀)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်းရှိ ရေ၊ မီး အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်မိတ်ဆွေ ဒေါ်ဟန်စုလွင် ၁၂/လမန(နိုင်)၁၂၉၅၃၅ မှ ၁၁-၄-၂၀၂၅ ရက်တွင် တရားဝင် ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ပါကြောင်းနှင့် ယင်းတိုက်ခန်း ၏ပိုင်ရှင်မှာ ဒေါ်ဟန်စုလွင် တစ်ဦးတည်းဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဒေါ်ဟန်စုလွင် | ဒေါ်မြသက်ဝေ |
| ၁၂/လမန(နိုင်)၁၂၉၅၃၅ | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၆၉) |
| | (၁၄-၂-၂၀၁၇) |
| | အမှတ်(၈၂)၊ မာလာမြိုင်(၇)လမ်း၊ (၁၆)ရပ်ကွက်၊ |
| | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| | ဖုန်း-၀၉-၅၀၈၈၆၄၁ |

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂၈)၊ မြေကွက်အမှတ်(၃၂၅)၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိသည့် မြေကွက်အား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါ၍
## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိ ပိုင်ဆိုင်သူ ဦးကျော်နိုင်ဦး ၁၂/မရက(နိုင်)၁၃၃၉၅၈ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်မာမာလွင် ၁၂/လမန(နိုင်)၀၀၀၁၈၉မှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မာမာလွင် ၁၂/လမန(နိုင်)၀၀၀၁၈၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီဂီအေး (စဉ် - ၁၄၈၁၉)
LL.B, D.B.L (တရားလွှတ်တော်ရှေ့နေ)
အမှတ်(၇၆၂)၊ သုဇာတာ(၁၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်း - ၀၉-၄၂၀၀၆၉၁၅၂

## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၃)၊ ယသဝတီ(၁၂)လမ်း၊ မြေကွက်အမှတ်(၉၁၇)၊ အကျယ်အဝန်းပေ (၂၀x၆၀)ရှိသည့် မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသောအကျယ်အဝန်း ပေ(၁၀x၆၀) အိမ်ခြံမြေကွက်အား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါ၍
## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ အိမ်ခြံမြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးကို တရားဝင်လက်ရှိ ပိုင်ဆိုင်သူ ဦးခင်မောင်ရွှေ ၁၂/ဥကတ(နိုင်) ၀၆၁၁၇၉နှင့် ဒေါ်သိန်းသိန်းရွှေ ၁၂/ဥကတ(နိုင်)၀၆၁၁၈၆ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းဝေလွင် ၁၂/သဃက(နိုင်)၁၈၆၉၂၆မှဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ အိမ်ခြံမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက် စာတမ်းမူရင်း များနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နှင်းဝေလွင် ၁၂/သဃက(နိုင်)၁၈၆၉၂၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီဂီအေး (စဉ် - ၁၄၈၁၉)
LL.B, D.B.L (တရားလွှတ်တော်ရှေ့နေ)
အမှတ်(၇၆၂)၊ သုဇာတာ(၁၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်း - ၀၉-၄၂၀၀၆၉၁၅၂

## ကန်ထရိုက်တာ ဦးဇော်ဝင်းနိုင် (၁၂/ပဘတ(နိုင်)၀၁၁၅၇၈) နှင့် အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ မဟာဆွေ လမ်း၊ အမှတ်(၁၀၅)ရှိ မြေကွက်ပေါ်တွင် (၅)ထပ် Hall Type ဆောက်လုပ် ခြင်း အတွက် “မြေရှင်နှင့်ဆောက်လုပ်ရေးလုပ်ငန်းရှင်တို့ (၅)ထပ် Hall Type ဆောက်လုပ်ခြင်းအတွက် နှစ်ဦးသဘောတူကတိစာချုပ်”ကို ၂၆-၇-၂၀၂၄ ရက်တွင် ချုပ်ဆိုခဲ့ကြပါသည်။ စာချုပ်အပိုဒ်(၃)တွင် (၈)လအတွင်း အဆိုပါ(၅)ထပ် တိုက်အား ကန်ထရိုက်တာအနေဖြင့် အပြီးဆောက်လုပ်ပေးရန်၊ သတ်မှတ်အချိန် ကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် ကြန့်ကြာ၍ ပြီးစီးအောင်ဆောက်လုပ်နိုင်ခြင်းမရှိဘဲ မြေရှင်အနေဖြင့် ထပ်တိုး ဆောက်လုပ်ရန် အချိန်ကာလအား (၃)လ ထပ်မံစာချုပ်ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြု ပါသည်ဟူသော အချက်ပါရှိပါသည်။

ကန်ထရိုက်တာအနေဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောက်လုပ်နိုင်ခြင်းမရှိသည့်အပြင် မြေရှင်မှ အကြိမ်ကြိမ်ညှိနှိုင်းဆောင်ရွက် သော်လည်း စာချုပ်ပါစည်းကမ်းချက်များကို လိုက်နာခြင်းမရှိသည့်အတွက် မြေပိုင်ရှင်က ဆောက်လက်စတိုက်အား သိမ်းယူလိုက်ပြီဖြစ်ကြောင်း၊ ကန်ထရိုက်တာနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်းနှင့် ကန်ထရိုက်တာထံမှ ကြိုတင်ဝယ်ယူထားသူများသည် ကန်ထရိုက်တာနှင့်သာ ဖြေရှင်းကြရန်နှင့် မြေရှင်မှ ဝင်ရောက်ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကန်ထရိုက်တာနှင့်အများ သိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ |
| ဦးမြဝင်း | ဦးသိန်းဇော်ဦး (LL.B) |
| | အထက်တန်းရှေ့နေ(စဉ်-၂၁၇၁၆) |
| | ဖုန်း- ၀၉-၉၄၁၉၀၀၅၅၂ |

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပုသိမ်ကြီးမြို့နယ်၊ အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)သမ္မတောတွင် မူလတန်းပြတာဝန်ထမ်းဆောင်လျက်ရှိသော ဒေါ်ဆွေဇာဘုန်းမြင့် ၉/ပသက (နိုင်)၁၁၄၂၅၈၏ ဖခင်အမည်မှန်မှာ ဦးဘုန်းမြင့်ဦး(ခ)ဦးမြဝင်းအောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဘုန်းမြင့်ဦး(ခ)ဦးမြဝင်းအောင် ၉/ပသက(နိုင်)၀၂၈၁၆၂

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပုသိမ်ကြီးမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)လက်ကောင်း တွင် အထက်တန်းပြတာဝန်ထမ်းဆောင်လျက်ရှိသော ဒေါ်လှိုင်ဆုဝေ ၉/ပသက (နိုင်)၀၈၇၅၀၅ ၏ဖခင်အမည်မှန်မှာ ဦးဘုန်းမြင့်ဦး(ခ)ဦးမြဝင်းအောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဘုန်းမြင့်ဦး(ခ)ဦးမြဝင်းအောင် ၉/ပသက(နိုင်)၀၂၈၁၆၂

## တရားဝင်ဇနီးမယားဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်ခင်မျိုးခက် ၁၂/အစန (နိုင်)၀၂၇၄၅၅ နှင့် ဦးထွန်းထွန်းဦး (ဘ) ဦးစောမြင့် ၁၁/စတန (နိုင်)၀၀၉၆၀၀)တို့သည် ၂-၄-၂၀၀၃ရက်မှစ၍ ယနေ့ အချိန်အထိ တရားဝင်လင်မယား ဖြစ်ပါသည်။ ပေါင်းသင်းစဉ် သားသမီး (၂)ဦး ထွန်းကားခဲ့ပါသည်။ ကျွန်မသည် အိမ်ထောင်ရေးဖောက်ပြန်မှုမရှိဘဲ မယား ဝတ္တရားနှင့်အညီ ခင်ပွန်းအပေါ် ဆက်ဆံပေါင်းသင်းနေသူဖြစ်ပြီး ဂုဏ်သိက္ခာ ရှိစွာဖြင့် နေထိုင်သူဖြစ်ပါသည်။ အမည်မဖော်လိုသေးသူ အမျိုးသမီးတစ်ဦးနှင့် ဦးထွန်းထွန်းဦးတို့သည် အိမ်ထောင်ရေးဖောက်ပြန်ပြီး လင်မယားအဖြစ် ပေါင်းသင်းနေကြောင်း ကျွန်မအနေဖြင့် သိရှိပြီးဖြစ်ပါသည်။ ယင်းသို့ ဦးထွန်းထွန်းဦးနှင့် ဖောက်ပြန်ပေါင်းသင်းနေသူ အမျိုးသမီးသည် တရားဝင် ဇနီးမယားမဟုတ်ပါ။ ကျွန်မသာလျှင် ဦးထွန်းထွန်းဦးနှင့် တရားဝင်လက်ထပ် ပေါင်းသင်းနေသော ဇနီးမယားဖြစ်ကြောင်းကို အများသိ စေရန်ကြေညာအပ် ပါသည်။

ဒေါ်ခင်မျိုးခက် ၁၂/အစန(နိုင်)၀၂၇၄၅၅
ဖုန်း-၀၉-၅၀၇၁၇၀၄

## ပျောက်ဆုံးကြောင်း

(ဘ)ဦးသောင်းဝင်း၏သမီး ကျွန်မ မတင်ယုဝါ ၁၂/ခရန(နိုင်)၁၂၈၃၂၆ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေး ပါရန်။

ဖုန်း-၀၉-၇၈၂၄၅၆၁၆၃

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7H/3338 ယာဉ် လက်ဝယ်ရှိသူ ဦးကိုကိုဝေ ၉/တသန (နိုင်)၁၁၄၃၉၃က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံ သော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မြင်းခြံ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9K/2581 Nissan Caravan Vwe 25 MiniBus (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မျိုးမြင့် ၁၂/လသယ(နိုင်)၀၀၂၈၈၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6P/3134 ယာဉ် လက်ဝယ်ရှိသူ ဦးအောင်မိုး ၁၄/ပသန (နိုင်)၁၉၀၈၆၀က(ကမ-၃) ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ပဲခူး)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/ 97759 New Zhineng 110 M/C ယာဉ်လက်ဝယ် ရှိသူ ဦးထွန်းဦး ၇/ပခတ(နိုင်) ၀၀၄၉၁၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပြည်)ပြည်မြို့

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၃

ဒေါ်လှလှထွေး(၎င်း၏အထွေထွေ နှင့် ဦးအောင်ဝင်း
ကိုယ်စားလှယ်စာရသူ ဒေါ်ပို့ပို့ထွန်း)
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်(သ-၉/၁၁၁)၊ ၆၄(အေ)လမ်း၊ ၁၁၅x၁၁၆ လမ်းနေ ဦးအောင်ဝင်း(ဘ)ဦးညီညီ(ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ဒေါ်လှလှထွေး (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ပို့ပို့ထွန်း)က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ် (ဗ-၁၀)၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ ၀ ဒသမ ၀၃၂ဧက အကျယ်အဝန်းရှိ ဦးအောင်ဝင်း အမည်ပေါက် ဂရန်မြေကွက်အား အရောင်း အဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုသည် ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၅ ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆုတ် ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီ တွင် အထက် အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် (၁)စာချုပ်စာတမ်း များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ဂျူးဂျူးစံ)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်နိုင် (၁၂/သခန(နိုင်)၁၀၃၆၅၃)၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်နိုင်နှင့် ဒေါ်သန်းသန်းဝေတို့သည် ၁၆-၉-၂၀၂၄ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတွင် တရားဝင်ကွာရှင်း ပြတ်စဲခဲ့ပြီး ၁၆-၉-၂၀၂၄ရက်စွဲပါ ပစ္စည်းခန်းခွဲဝေခြင်း နှစ်ဦးသဘောတူ ကတိ စာချုပ်အရ ကျွန်ုပ်၏မိတ်ဆွေအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ ဖရုံကန်ကျေးရွာအုပ်စုနှင့် ဖွဲ့ထော် ကျေးရွာအုပ်စုတွင်ရှိသော (၈၂၄/E ၊ ဖွဲ့ထော် အရှေ့ကွင်း)မှ (၁၁ ဒသမ ၁)ဧက၊ (၈၂၄/D၊ ဖွဲ့ထော်အရှေ့ကွင်း)မှ (၁ ဒသမ ၈၉) က၊ (၈၂၄/A၊ စစ်ပင်ကန်ကွင်း)မှ (၇ ဒသမ ၁)ဧက အပါအဝင် စုစုပေါင်း လယ်ဧက(၂၀)ဧကရှိ လယ်မြေများနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ဦးဥတ္တမလမ်း၊ အမှတ်(၂၆၄)၊ ပေ(၂၀x၆၀) ပေရှိ မြေကွက်နှင့် ယင်းမြေကွက် ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အပါ အဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ထိုစဉ်အချိန်ကစ၍ ကျွန်ုပ်၏ မိတ်ဆွေ ဦးကျော်နိုင်တစ်ဦးတည်းသာလျှင် ပိုင်ဆိုင်ရရှိခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်နိုင်တစ်ဦးတည်း လက်ရှိပိုင်ဆိုင်စီမံခန့်ခွဲခွင့်ရှိသော အထက်ဖော်ပြပါပစ္စည်းများနှင့်ပတ်သက်ပြီး အခြားမည်သူတစ်ဦးတစ်ယောက် ကမျှ ပိုင်ရေးဆိုင်ခွင့်ရှိသူ မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးသိန်းထူး LL.B | ဦးဇော်မိုးလွင် LL.B |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄) |

ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊
(၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ -၄၄၄၄၃၅၃၅၃၊ ၀၉- ၂၅၆၂၈၆၃၉၁

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၂၆)၊ မြေကွက်အမှတ် (၄၅၃)အကျယ်အဝန်း အလျား (၄၀)ပေx အနံ (၆၀)ပေ ရှိ ဦးငွေရ ၉/မတလ(နိုင်)၀၄၅၄၄၀အမည်ပေါက်၊ပါမစ်မူရင်းအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အလျား (၂၀)ပေ x အနံ (၆၀)ပေရှိ ပါမစ်မူရင်း ခြမ်းနှင့် မြေကွက်အား တရားဝင်လက် ဝယ်ထား၍ လွှဲပြောင်းရောင်းချပိုင်ဆိုင် ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်လင်းလင်းအောင် ၁/မညန(နိုင်) ၀၈၈၃၆၉ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဒေါ်ညွန့်ညွန့်ဝေ ၈/ရနခ(နိုင်) ၀၂၆၁၂၆က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီးဖြစ်၍ ဤအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာနှင်းအေး (LL.B)
အထက်တန်းရှေ့နေ (စဉ် -၄၈၅၆၇)
အမှတ်(၃၁/က)၊ဟားခါးလမ်း၊ (၇)ရပ်ကွက် ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊
ဖုန်း-၀၉ - ၈၈၂၇၈၃၇၂၆၊ ၀၉ -၇၆၈၇၇၇၁၃၆၂

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်နိုင်၁၂/သခန(နိုင်)၁၀၃၆၅၃ နှင့် ဒေါ်သန်းသန်းဝေ ၁၂/ခရန(နိုင်)၁၀၃၁၇၁တို့သည် စိတ်သဘော ထားချင်း မတိုက်ဆိုင်တော့သဖြင့် ၁၆-၉-၂၀၂၄ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တရားရုံးတွင် တစ်ဦးနှင့်တစ်ဦး တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်၍ ဒေါ်သန်းသန်းဝေနှင့် ကျွန်ုပ်၏မိတ်ဆွေတို့မှာ မည်သို့မျှပတ်သက်ခြင်းမရှိတော့သည့် အတွက် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝတို့သည် ကျွန်ုပ်၏မိတ်ဆွေနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် မည်သည့် ကိစ္စရပ်များကိုမှ ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်နိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးသိန်းထူး LL.B | ဦးဇော်မိုးလွင် LL.B |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄) |

ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ -၄၄၄၄၃၅၃၅၃၊ ၀၉- ၂၅၆၂၈၆၃၉၁

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးမြသောင်း
### (JEWEL HOTEL)
### ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်)
### မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်နာယကကြီး
### မန္တလေးအသင်း(ရန်ကုန်) ၏ ဂုဏ်ထူးဆောင်နာယကကြီး
### အသက်(၉၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဥယျာဉ်လမ်းသွယ်(၂) အမှတ်(၁၅၄/C)နေ (ဦးရေချမ်း-ဒေါ်မမလေး) တို့၏သား၊ (ဒေါ်တင်တင်အောင်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းမြင့်-(ဒေါ်ခင်သန်းနွဲ့)၊ ဦးမြင့်သူ၊ (ဦးဇော်ညွန့်)၊ ဦးဝင်းမင်း-ဒေါ်လှဲ့လှဲ့ဝင်းတို့၏ချစ်လှစွာသောဖခင်၊ ကိုအောင်သူဝင်း-မခင်ယုယမောင်၊ ကိုအေးသူဝင်း-မအေးရွှေရည်မင်း၊ မခိုင်မြတ်နိုးစံ(ခ)ဂျူးဂျူးတို့၏ ချစ်လှစွာသောဘိုးဘိုးကြီး၊ မသုန္ဒရီအေးမြသူ ၏အဘိုး ဦးမြသောင်း သည် ၁၀-၄-၂၀၂၅ရက် (ကြာသပတေး နေ့) မွန်းလွဲ (၁၂:၁၅)နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၂၅ရက် (စနေနေ့) ညနေ(၅)နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သောစိတ် ထားဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။ နေအိမ်မှကားများ ညနေ(၃:၃၀)နာရီတွင်ထွက်ပါမည်။ ကွယ်လွန်သူအားရည်စူး၍ (၁၄-၄-၂၀၂၅)ရက် (တနင်္လာနေ့) နံနက်(၇)နာရီမှ မွန်းတည့်(၁၂)နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ ခတ္တာလမ်း၊ မြေကွက်အမှတ်(၁၄၁/ခ)၊ မြေပေအကျယ် ဧရိယာ(၀.၀၂၇၇၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးစိုးထက်ပိုင် (၉/သစန(နိုင်)၁၃၀၁၅၅)က ယင်းမြေကွက်နှင့်မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အာရ်စီ(၁)ထပ်လုံးချင်းနေအိမ်အပါအဝင်သည် အရှုပ်အရှင်းကင်းရှင်း၍ မိမိ၏သဘောဆန္ဒဖြင့် လွှတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည် အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်များအရ-**

**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ နီလာလမ်း၊ မြေကွက်အမှတ်(၂၂၇/က)၊ မြေပေအကျယ်ဧရိယာ(၀.၀၂၉)ဧကရှိ ဦးအုန်းမြင့်အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ကို အမွေဆက်ခံပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ကျင်အေး ၁၂/မရက(နိုင်)၀၃၂၂၀၉က ယင်းမြေကွက်နှင့်မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ပျဉ်ထောင်(၁)ထပ်လုံးချင်း အိမ်အပါအဝင်သည် အရှုပ်အရှင်းကင်းရှင်း၍ မိမိ၏သဘောဆန္ဒဖြင့် လွှတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဒေါ်ရီရီသန့် LL.B,D.B.L,D.M.L,D.I.L(W.I.P.O-Switzerland) တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇**

## ပတ်စ်ပို့ပျောက်

လောက်ကိုင်မြို့၊ အာလာဖြဲရွာနေ မလီကျင်လန် ၁၃/လကန(နိုင်)၀၁၆၃၂၄ ၏ Passport စာအုပ်နံပါတ်မမှတ်မိ ပျောက်ဆုံးသွားကြောင်း ကြော်ငြာအပ်ပါသည်။

**ဖုန်း-၀၉-၂၆၃၈၂၅၂၄၂**

### ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၂၄၇၃၉ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မွန် ၁၀/သဖရ(နိုင်)၀၅၉၃၂၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၄၇၈၅၇ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မွန် ၁၀/သဖရ(နိုင်)၀၅၉၃၂၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ပိတုန်းစမ်းကျေးရွာ၊ ကွင်းအမှတ်-၆၆၉၊ ကွင်း၏အမည်ပေါက် ဦးသောင်းထွန်း၊ ဦးပိုင်အမှတ် ၄၁/ကအပိုင်း၌တည်ရှိသည့် လမ်းထိပ်ထောင့်ကွက်၊ ဓမ္မရတနာကျောင်းတိုက်၏ မျက်နှာချင်းဆိုင် မြေကွက်အမှတ် ၁၊ ပေ၄၀xပေ ၆၀ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးသောင်းထွန်း ၁၂/သလန(နိုင်)၀၅၀၆၇၁ထံမှ လွှဲပြောင်းဝယ်ယူရရှိထားသော ဦးဘုန်းကျော်သူ ၁၂/သလန(နိုင်)၀၀၁၇၉၅ မှ ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း ဝန်ခံ၍ မြေကွက်၏ကာလပေါက်ဈေးအတိုင်း ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်သီတာဦး ၁၂/တမန(နိုင်)၀၅၀၆၇၂မှ ဝယ်ယူရန်အတွက် အရောင်းဖိုးငွေထဲမှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်အား သက်ဆိုင်ရာကန့်ကွက်လိုသည်များရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက်အရောင်းအဝယ်ကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးစည်သူလွင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၂၉၀၇)**
**တိုက်-အေ/၆၊ အခန်း (၄၀၂)၊ အင်ကြင်းလမ်း၊ ရှုခင်းသာအိမ်ရာ၊**
**သာကေတမြို့နယ်၊ ဖုန်း-09-442726210, 09-962378563**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅.ဘီ၊ မြေတိုင်း မြေကွက်အမှတ်-၂၈ ဒီ/၁ ဘီ၂ နှင့် ၂၈.ဘီ/၁ဘီ၁ ဟုခေါ်တွင်သော ဆရာစံရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ မြေကွက်အမှတ်(၁၁၄)နှင့်(၁၁၄-အေ)၊ မြေအမျိုးအစား-မြေပိုင်မြေ၊ ဧရိယာ(၀.၀၄၈)ဧကနှင့်(၀.၁၄၅)ဧက အကျယ်အဝန်းရှိ မြေကွက်(၂)ကွက်တွဲအပါအဝင် ယင်းမြေကွက် (၂)ကွက်တွဲပေါ်ရှိအဆောက်အအုံ(၂)လုံး၊ ရေ၊ ကိုယ်ပိုင်လျှပ်စစ်မီတာ စသည့်အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်သီရိနွယ် ၁၂/ဗဟန(နိုင်)၀၈၂၈၅၁က အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ အမည်ပေါက် ဒေါ်သီရိနွယ် ၁၂/ဗဟန(နိုင်)၀၈၂၈၅၁ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ အထက်ပါ မြေကွက်(၂)ကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ (သို့)ဆက်ခံခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကိစ္စအပေါ် ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချောရှုပါဝင်း (LL.B,D.B.L,DI.L) အထက်တန်းရှေ့နေ (စဉ်-၅၂၅၉၃)**
**အမှတ်(၄၈၉)၊ ငမိုးရိပ်(၅)လမ်း၊ အပိုင်း(၃)၊ သဃ်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၄၀၄၃၇၁၊ ၀၉-၄၂၀၄၀၄၃၇၂**

## ဘုရားဒါယကာကြီး
## ဦးကျော်ဝင်း
### တရားလွှတ်တော်ရှေ့နေ၊
### ကူးသန်း/ကျောင်း-ရန်ကုန်၊ နည်းပြ(ငြိမ်း)
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရရပ်ကွက်၊ အမှတ်(၈၀)၊ ရေတာရှည်လမ်းဟောင်းနေ(ဦးအောင်တင်-ဒေါ်သန်းကြည်)တို့၏သားလတ်၊ (ဦးသော်-ဒေါ်ခင်တင့်)တို့၏သားသမက်၊ (ဒေါ်ချိုချိုသော်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးဇေယျာဦး-ဒေါ်အိသော်တာဝင်း၊ ဒေါ်ဝတ်မှုန်ဖူးတို့၏ ချစ်လှစွာသောဖခင်၊ (ဦးသန်းမြင့်)၏ ညီ၊ ဒေါ်ခင်ဝင်း၊ ဦးကြည်ဝင်း၊ ဦးကြည်လင်း၊ ဒေါ်စန်းဝင်း၊ ဒေါ်ခိုင်တို့၏ ချစ်လှစွာသောအစ်ကို ဦးကျော်ဝင်းသည် ၁၀-၄-၂၀၂၅ရက်(ကြာသပတေးနေ့)ည ၈နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၂-၄-၂၀၂၅ရက် မွန်းလွဲ ၁:၁၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်စွန်းအင်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12မှ မနှင်းစန္ဒီဝင်း၊ အမှတ်(၅)အခြေခံပညာ အလယ်တန်းကျောင်း၊ Grade-6မှ မသင်းဆုမြတ်အောင်တို့၏ဖခင် ဦးဝင်းအောင်၏အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးဝင်းဝင်းအောင် ၆/ပလန(နိုင်) ၀၈၂၃၈၃ ဖြစ်ပါကြောင်း။

**ဦးဝင်းဝင်းအောင်**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၃၆)၊ အိုးလုပ်ပြင်ကွင်း၊ ဦးပိုင်အမှတ်(၆/၂၆၅)၊ မြေဧရိယာ ၀ဒသမ ၈၄ဧကအား မြေငှားဂရန်အမှုတွဲအမှတ်၊ ၆၅/၂၀၁၇-၂၀၁၈အရ မင်းဇာနည်ရေလုပ်ငန်းကုမ္ပဏီလီမိတက်အမည်ဖြင့်ရရှိခဲ့ပြီး မင်းဇာနည်ရေလုပ်ငန်း ကုမ္ပဏီလီမိတက်(ကိုယ်စား) ဦးညီမြင်း၏အထူးကိုယ်စားလှယ်ရရှိသူ ဒေါ်ထက်ထက်ဦးဝေထံမှအရောင်းအဝယ်စာချုပ်အမှတ်(၂၂၇/၂၀၂၂) ဖြင့် ဦးစန်းမောင်၊ ဒေါ်အေးအေးမူတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးစန်းမောင် ၆/ကစန(နိုင်)၀၀၃၄၇၄၊ ဒေါ်အေးအေးမူ ၆/ထဝန(နိုင်)၀၂၅၈၆၂တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၄၆-က)၊ ယိုးဒယားကုန်းအကွက်၊ ဦးပိုင်အမှတ်(၁၅-ခ) မြေဧရိယာ (၀.၀၁၀)ဧကနှင့် ဦးပိုင်အမှတ်(၁၆-က)၊ မြေဧရိယာ(၀.၀၂၂)ဧကရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ ဆေးရိုးတန်းလမ်း၊ အိမ်အမှတ်(၉)နေ ဒေါ်စန္ဒာဝင်းမှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲ လုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၁၁၁)၊ လှည်းစုအကွက်၊ ဦးပိုင်အမှတ်(၂-င)၊ ဧရိယာ(၀.၀၂၅)ဧကရှိ မောင်ဇော်ဝင်း၊ မခင်စန်း အမည်ဖြင့်မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ ဘန့်ဘွေးကုန်းလမ်းနေ လင်ရင်အန်း(ခ)ဦးကျင်သိန်းမှ ဘိုးဘပိုင်မြေအမည်ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပုသိမ်မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ပဲခူးမြို့၊ ဟံသာဝတီရပ်ကွက်၊ ဗိုလ်မင်းသိမ်း (၃)လမ်း၊ အမှတ်(၁၈၈)နေ ဒေါ်အိအိဝါ (ဘ) ဦးဝ ၇/ဝမန(နိုင်)၀၀၀၆၃၉)၏လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ -

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ စိတ္တသုခလမ်းသွယ်၊ အမှတ်(၁၇၂၄) ဟုခေါ်တွင်သော အကွက်အမှတ် (၁၇-G)၊ ကျောက်ဖူးလီးကုန်းရပ်ကွက်၊ ဦးပိုင်အမှတ် (၂/၉)၊ ဧရိယာ (၀.၀၃၀)ဧက အကျယ်အဝန်းရှိ အောက်ခံမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၂)ထပ်အုတ်ညှပ်နေအိမ် (၁)လုံးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ဇင်မာနွယ် (ဘ) ဦးခင်ရှိန် ၇/ပခန(နိုင်)၂၅၁၅၀၀ မှ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူမည်ဖြစ်သဖြင့်အိမ်နှင့်အောက်ခံမြေကွက်၏တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အိမ်၊အောက်ခံမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး ပိုင်ရေး၊ ပိုင်ခွင့်ရှိသူ မည်သူ မဆို ဤကြေညာပါသည့်ရက်မှစ၍ (၁၀) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကျွန်ုပ်မိတ်ဆွေ၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြင့်မြင့်ကြည် (ဥပဒေဘွဲ့) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၆၄)**
**အမှတ်(၂၃၂၂)၊ ရွှေအောင်ရွှေး (၂)လမ်း၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့၊**
**၀၉-၄၂၈၁၁၅၇၆၄**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း
### ထုချေစေရန်အကြောင်းကြားစာ
### တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂
### ရွှေပြည်သာမြို့နယ်တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမကြီးအမှုအမှတ်-၆၇ နှင့်
### ဆက်သွယ်သည့်
### ၂၀၂၅ ခုနှစ်၊ တရားမဇာရီအမှုအမှတ်- ၁၈

| | | |
|---|---|---|
| ဒေါ်သီတာ(ခ)ဒေါ်လက်ချ်မီး<br>ဒီကရီအနိုင်ရသူ | နှင့် | ဒေါ်အေးအေးသင့်<br>တရားရှုံး |

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ မြို့သစ်(၁)လမ်း၊ ဒုတိယအလွှာ၊ တိုက်အမှတ် (၅၇)နေ ဒေါ်အေးအေးသင့် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၂၄ ခုနှစ်၊ တရားမကြီးအမှုအမှတ်-၆၇ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဒေါ်သီတာ(ခ)ဒေါ်လက်ချ်မီးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန်သင်ကိုယ်တိုင်ဖြစ်စေ၊ရုံးတော်အခွင့်အမိန့်ရရှေ့နေ ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ မေလ ၂ ရက်၊ (၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၆ရက်)မွန်းမတည့်မီ (၁၀) နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၅ ခုနှစ်၊ ဧပြီလ (၁၁)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကောင်းခန့်ဇော်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ရွှေပြည်သာမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ပဲခူးမြို့နယ်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၇

| | | |
|---|---|---|
| ဒေါ်အေးမို့မို့သိမ့်<br>(တရားလို) | နှင့် | ဦးဝင်းကို<br>(တရားပြိုင်) |

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ဇရပ်ဆိပ်ကျေးရွာနေ ဦးဝင်းကို (ဘ)ဦးတင်ထွန်း (ယခုနေရပ်လိပ် စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်အေးမို့မို့သိမ့်က "အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု" စွဲဆိုသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ မေလ ၂ရက်၊ (၁၃၈၇ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစ ရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ချမ်းသာဌေး)**
**ဒုတိယမြို့နယ်တရားသူကြီး (၂)**
**ပဲခူးမြို့နယ်တရားရုံး**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မြိတ်ခရိုင်၊ ကျွန်းစုမြို့၊ အမှတ်(၁)ရပ်ကွက်၊ မေယုလမ်းနေ ဒေါ်မြဝင်း၏သား မောင်သန်းနိုင် ၁၂/သကတ(နိုင်)၁၃၀၄၇၃သည် မိခင်ဖြစ်သူ၏ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိခင်ဖြစ်သူအားကိုယ်ထိ လက်ရောက်ပြုလုပ်သည့်အတွက် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို မိသားစုမှလုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ပါ။

**ဦးသန်းဇော်ဦး(LL.B,Advocate)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၇၇/၁၆-၅-၂၀၁၇)**
**အမှတ်၃၄၊ အဏ္ဏဝါလမ်း၊ အတွင်းရေပုန်းရပ်၊မြိတ်မြို့**
**ဖုန်း-၀၉-၄၅၂၂၈၀၀၂၇**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 36W/92895, New Anbo-100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာဆွေ ၂/လကန(နိုင်)၀၅၂၄၄၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ လွိုင်ကော်**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 6L/9661,Skat ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းလှိုင် ၁၃/ဖခန(နိုင်)၀၄၃၉၅၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ လွိုင်ကော်**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 83W/68056, Honda Dream-125 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် SHN/34161, Honda Scoopyi-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေသီဝင်း ၁၃/လရန(နိုင်)၀၁၄၉၇၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ပြည်သူ့လုံခြုံရေးကို ဆောင်ရွက်ရာတွင် ပြည်သူများအတွက် ကောင်းမွန်သော ပြည်သူ့ရေးရာဝန်ဆောင်မှု ဖြစ်စေရန်နှင့် ပြည်သူကို ဝန်ထုပ်ဝန်ပိုး မဖြစ်အောင် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ညွှန်ကြားရေးမှူး Ms.Yasmine Praz Dessimoz နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Regis Savioz ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

## လေပွေလှိုင်းများ အရှိန်ကြောင့် ဧပြီ ၁၇ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်

ယနေ့ညမှ ၁၇-၄-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




**နေပြည်တော် ဧပြီ ၁၁**

ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော

*စာမျက်နှာ ၁၅ ကော်လံ ၁* ◆

## လေဖိအားနည်းရပ်ဝန်း အားလျော့သွားပြီဖြစ်

**နေပြည်တော် ဧပြီ ၁၁**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားလျော့သွားပြီဖြစ်သည်။ မိုး/ဇလ

**ယနေ့ သတင်းအညွှန်း**

**ဆက်သွယ်ရေးလိုအပ်နေသော နေရာများတွင် အများပြည်သူအတွက် ယာယီမိုဘိုင်းဆက်သွယ်ရေးစခန်းများ၊ ယာယီရွေ့လျားဆက်သွယ်ရေးတိုင်(Cell on Wheel, COW)များ အသုံးပြု၍ ဆက်သွယ်ရေးအဆင်ပြေအောင် ဆောင်ရွက်ပေးလျက်ရှိ**

ပြည်တွင်းသတင်း စာ ၁၆